ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နယုန်လပြည့်၊ ကြာသပတေးနေ့ (16-6-2011) (၆၇၉၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မည့် လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများကိုလည်း ရရှိပိုင်ဆိုင်ထားပြီးဖြစ်

အောင်မြင်မှုနှင့်အတူ နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အန္တရာယ်များလည်း ရှိနေသည်ကိုသတိပြု

နေပြည်တော်   ဇွန်   ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ကျောင်းနေသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆု၊ ပညာသင်ထောက်ပံ့ငွေနှင့် ဗလာစာအုပ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အထွေထွေမန်နေဂျာများ၊တာဝန်ရှိသူများ၊ ဆုရ ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် လွန်စွာအရေးကြီးကြောင်း၊ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာလေ့လာသင်ကြားရာတွင် သညာအဆင့်မှ ပညာအဆင့်ရောက်အောင် ကြိုးပမ်းသင်ယူကြစေလိုကြောင်း၊ မိဘများကလည်း မည်သည့်အခက်အခဲရှိစေကာမူ မိမိရင်သွေးများ၏ အနာဂတ်အတွက် ပညာရေးကို အားပေးအားမြှောက် ပြုကြရမည်ဖြစ်သကဲ့သို့ ဝန်ကြီးဌာနကလည်း ပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပညာသင်ကြားမှုတွင် ပြည်တွင်းပညာရေး အခွင့်အလမ်းများကိုသာမက နိုင်ငံတကာ အခွင့်အလမ်းများကိုပါ သိရှိရယူနိုင်အောင် ကြိုးပမ်းကြရန် လိုကြောင်း။

ယခုအောင်မြင်မှုကိုအခြေခံ၍ အနာဂတ်ပညာရေးကို ဆက်လက်သင်ယူကြရာတွင် တွေ့ကြုံရမည့် ကျယ်ပြန့်သော လူမှုနယ်ပယ်၌ မူးယစ်ဆေးဝါး၊ အပျော်အပါး၊ လောင်းကစား စသည့် စိန်ခေါ်မှုများကို အသိ၊ သတိနှင့် ယှဉ်၍ ရင်ဆိုင်ကျော်လွှားနိုင်အောင်လည်း ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

ယနေ့ နှစ်ပတ်လည်နေ့ အခမ်းအနား၌ ပုံနှိပ်ရေးနှင့် စာအုပ် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော မယိမ်းနန်းအား ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

e-Government လုပ်ငန်းစဉ်များ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ရေး ဆွေးနွေးအဖြေရှာ နိုင်ငံ့ဝန်ထမ်းများသာမက တစ်နိုင်ငံလုံးရှိပြည်သူများ သိရှိနားလည်အသုံးပြုနိုင်ရန် ကြိုးစား

နေပြည်တော်   ဇွန်   ၁၅

e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ အီလက်ထရွန်နစ်အစိုးရအဖွဲ့လုပ်ငန်းစဉ်များကို တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်နေသော ဝန်ကြီးဌာနအသီးသီးမှ CIO များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကွန်ပျူတာပညာရှင်များ၊ ပြည်တွင်းပြည်ပမှ NGO အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

ကြေးမုံ The Mirror
၁၆ - ၆ - ၂၀၁၁
(ကြာသပတေးနေ့)

သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေး ဦးစားပေး

ဇွန်၊ ဇူလိုင်လများသည် မုတ်သုံမိုးဖြိုင်ဖြိုင်ရွာသွန်းသော လများဖြစ်သည်။ စွတ်စိုသောရာသီဥတုတွင် ခြင်၊ ယင်များ အများဆုံးပေါက်ပွားသည်။ ယင်နားစာများကြောင့် ဝမ်းလျှော၊ ဝမ်းပျက်ဖြစ်နိုင်သကဲ့သို့ ခြင်ကိုက်ခံရခြင်းဖြင့် ခြင်ကြောင့်ဖြစ်သော ကူးစက်ရောဂါများဖြစ်ပွားတတ်သည်။

အထူးသဖြင့် မိုးရာသီအတွင်း အသက်သုံးနှစ်မှ ၁၄ နှစ်အထိ ကလေးများတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားတတ်သဖြင့် ရင်သွေးငယ်များ ရောဂါဘယကင်းဝေးစေရေး ခြင်နှိမ်နင်းရေး လုပ်ဆောင်ကြရန် လိုအပ်သည်။ သွေးလွန်တုပ်ကွေးရောဂါပိုးကို သယ်ဆောင်ပေးသော ခြင်ပုန်း၊ ခြင်ကျားကိုက်ခြင်းမှတစ်ဆင့် လျင်မြန်စွာကူးစက်နိုင်သည့် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော ရောဂါတစ်မျိုးဖြစ်သည်။

ခြင်ပုန်း၊ ခြင်ကျားများသည် အများအားဖြင့် နေ့အချိန်တွင် ကိုက်လေ့ရှိသည်။ လူတို့၏ပတ်ဝန်းကျင်ရှိ ရေစည်၊ ရေအိုး၊ ရေလှောင်ကန်နှင့် မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာအဟောင်း၊ အိုးခြမ်းပဲ့များတွင် ပေါက်ပွားလေ့ရှိသည်။ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန် ခြင်နှိမ်နင်းရေးလုပ်ငန်းများတွင် ပြည်သူတိုင်း ပါဝင်ဆောင်ရွက်ကြရန်လိုအပ်သည်။

ရေစည်၊ ရေအိုးများ လုံခြုံစွာဖုံးအုပ်ထားခြင်း၊ ပန်းအိုး၊ ညောင်ရေအိုးတို့မှ ရေကို နေ့စဉ်လဲလှယ်ပေးခြင်း၊ ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ခြင်းတို့ကို နေ့စဉ်လုပ်ဆောင်ကြရမည်ဖြစ်သည်။ ထို့အပြင် အိမ်ပတ်ဝန်းကျင်ရေမြောင်းများ ရေစီးရေလာကောင်းအောင် ရှင်းလင်းခြင်း၊ ရေဝပ်နိုင်သော မြေနိမ့်များဖို့ခြင်း၊ အလင်းရောင်ရရှိရန် တံခါးများ နေ့ခင်းဘက်၌ ဖွင့်ထားခြင်း၊ အိမ်တွင်း အိမ်ပြင် သန့်ရှင်းခြင်းတို့သည်လည်း မပြတ်လိုက်နာဆောင်ရွက်ကြရမည့် လုပ်ငန်းများ ဖြစ်သည်။

ကမ္ဘာပေါ်တွင် နှစ်စဉ်သွေးလွန်တုပ်ကွေးရောဂါဒဏ်ခံစားရသူ သန်း ၅၀ ခန့်ရှိပြီး နှစ်သောင်းကျော်သေဆုံးလျက်ရှိသည်။ သွေးလွန်တုပ်ကွေးဖြစ်ပွားမှု၏ ရာခိုင်နှုန်း ၅၀ ကျော်မှာ အရှေ့တောင်အာရှနိုင်ငံများမှ ဖြစ်ပြီး အင်ဒိုနီးရှား၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့တွင် အများဆုံးဖြစ်ပွားကြောင်းသိရသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျှင် ရင်သွေးငယ်များ အသက်ဆုံးပါးသည်အထိ ဖြစ်နိုင်သဖြင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို နေအိမ်၊ စာသင်ကျောင်းပတ်ဝန်းကျင်များ၊ မြို့ပြကျေးရွာရပ်ကွက်များ၊ ဈေးများတွင် ဦးစားပေးဆောင်ရွက်ကြရပါမည်။ ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်း၊ သွေးလွန်တုပ်ကွေးလူနာများကို ထိရောက်စွာကုသပေးခြင်းစသည့် လုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်လုပ်ဆောင်ကြပြီး ကျန်းမာရေးဝန်ကြီးဌာန၏ နှိုးဆော်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းလိုက်ရပေသည်။ ။

စစ်ကိုင်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ် ထုတ်ချေး

စစ်ကိုင်း ဇွန် ၁၅

စစ်ကိုင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို မေ ၂၅ ရက်က စတင်ထုတ်ချေးရာ **(အပေါ်ပုံ)** ကျေးရွာ ၁၆ အုပ်စုရှိ အစုဖွဲ့ ၂၆၁ ဖွဲ့မှ တောင်သူလယ်သမားကြီး ၂၃၂၂ ဦးတို့သို့ စပါး ၇၇၀၅ ဧက၊ အခြားသီးနှံ ၁၄၁၇၉ ဧကအတွက် ချေးငွေပေါင်း ငွေကျပ် ၂၉၅၈၉၀၀၀၀ ကို မြို့နယ်မန်နေဂျာဒေါ်စိမ်းစိမ်းမင်း၊ ကြီးကြပ်ရေးမှူး ဦးစိုးမိုးဇော်နှင့် ဒုကြီးကြပ်ရေးမှူး ဦးထွန်းကိုကိုတို့က ထုတ်ချေးလိုက်သည်။

၂၀၁၀ ဆောင်းရာသီစိုက်ပျိုးစရိတ် ချေးငွေများကိုလည်း ကျေးရွာအုပ်စု ၂၅ အုပ်စုသို့ ကျပ်သိန်းပေါင်း ၃၆၅၀ ထုတ်ချေးပေးခဲ့ပြီး ယခုအချိန်တွင် တောင်သူလယ်သမားများက ပြန်လည်ပေးဆပ်လျက်ရှိရာ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၁၆ ရာခိုင်နှုန်း ပြန်လည်ကောက်ခံရရှိပြီး သတ်မှတ်ရက်အတွင်း ရာခိုင်နှုန်းပြည့် ပြေကျေအောင် ဝန်ထမ်းများက ကြိုးပမ်းကောက်ခံလျက်ရှိသည်။

(ကြေးမုံ)

ပြည်သူ့ သဘောထား	
✪	ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪	ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဧည့်ဝန်ဆောင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၁၁)ဆင်းပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၅

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဧည့်ဝန်ဆောင်မှု သင်တန်းအမှတ်စဉ်(၂/၂၀၁၁)သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ(ကျောက်စိမ်းခန်းမ)၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒုတိယဝန်ကြီးက သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် သင်တန်းသား သုံးဦးအား ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး ကျန်သင်တန်းသား ၂၇ ဦးတို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ နေပြည်တော် စားသောက်ဆိုင် ၁၃ ဆိုင်မှ သင်တန်းသား ၃၀ တို့ တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

အာစရိယပူဇော်ပွဲ ကျင်းပမည်

ချောင်းဦး ဇွန် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့၌ ၁၉၉၅-၂၀၀၀ ပြည့်နှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ချောင်းဦးမြို့ အထက အနော်ရထာခန်းမတွင် ၂၀၁၂ ခုနှစ် ဧပြီ ၂၀ ရက်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ ပါဝင်တက်ရောက်နိုင်ရန်နှင့် သိန်းမော်မြင့် ဖုန်း-၀၉-၅၁၉၀၅၁၅၊ ချန်ထွန်း ဖုန်း-၀၉-၄၉၄၀၀၄၉၀၊ မင်းစည်သူ ဖုန်း-၀၉-၂၁၆၆၀၃၁၊ အိအိစိုး ဖုန်း-၀၇၁၄၅၂၅၇၊ ကျော်ဇင်ဝင်းမောင် ဖုန်း-၀၇၁၄၅၀၅၁၊ ဇော်ထက် ဖုန်း-၀၉-၆၄၅၀၈၂၁၊ မြင့်ဝေ ဖုန်း- ၀၇၁၄၅၃၇၃ တို့သို့ ဆက်သွယ်လျှုဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(ကြေးမုံ)

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ရဲတပ်ဖွဲ့ တိုင်းဒေသကြီးအဆင့် ရဲကျင့်ဝတ်နှင့် စံပြရဲ ရေးဖြေစာမေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၅

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသည့် တိုင်းဒေသကြီးအဆင့် ရဲကျင့်ဝတ်နှင့် စံပြရဲ ရေးဖြေစာမေးပွဲ ဖြေဆိုသည့် အခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက ပြည်မြို့ ရွှေကူရပ်ကွက် အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပရာ ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲသို့ ဒုတိယရဲမှူးအဆင့်မှ တပ်သားအဆင့်အထိ ၂၄ ဦး၊ စံပြရဲ ရေးဖြေစာမေးပွဲသို့ ရဲအုပ်အဆင့်မှ တပ်သားအဆင့်အထိ ၁၆ ဦး စုစုပေါင်း ၄၀ ဝင်ရောက်ဖြေဆိုကြပြီး ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရဲတပ်ဖွဲ့ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ဆွေက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

အာဟာရဖြည့် နို့မှုန့်များ လှူဒါန်း

ရန်ကုန် ဇွန် ၁၅

ဇွန် ၁၃ ရက်က MOASIA Co.,Ltd. (Dumex) မှ အပြည်ပြည်ဆိုင်ရာ ကလေးများနေ့ အထိမ်းအမှတ်အဖြစ် မြောက်ဥက္ကလာပဆေးရုံ၊ သဃ်န်းကျွန်းဆေးရုံနှင့် ရန်ကုန်ကလေးဆေးရုံကြီးရှိ အာဟာရချို့တဲ့သော ကလေးလူနာများအတွက် ငွေကျပ် ၂၇သိန်း တန်ဖိုးရှိ Dumex အာဟာရဖြည့် နို့မှုန့်များကို ပေးအပ်လှူဒါန်းသည်။**(ဝဲပုံ)**

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၆–၆–၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ လျှပ်တစ်ပြက်
၇း၃၀ ၄။ ဓမ္မပူဇာတေး
၇း၃၅ ၅။ မျိုးချစ်တပ်မတော်
၇း၄၀ ၆။ မြန်မာ့ရှုခင်း
၇း၄၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၅ ၁။ နိုင်ငံတော်သီချင်း
၄း၁၀ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဇာတ်လမ်းတို
၄း၂၅ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅ ၆။ ဗွီစီဒီကျော်ကြားတေး
၄း၄၅ ၇။ မွေးမြူသုတ
၄း၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၇၄)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၃၁)
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၁၉)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ လျှပ်တစ်ပြက်
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၂၄)**
၂၄။ ဂီတရင်ခုန်သံ

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၅-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၅၃၉၂	၀. ၀၃၂၇၄
တရုတ် (ယွမ်)	၆. ၄၈၂၀၀	၀. ၁၅၄၂၇
အိန္ဒိယ (ရူပီး)	၄၄. ၇၇၀၀	၀. ၀၂၂၃၄
မလေးရှား (ရင်းဂစ်)	၃. ၀၃၃၅၀	၀. ၃၂၉၆၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၄၉၀	၀. ၈၀၉၇၈
ဂျပန် (ယန်း)	၈၀. ၈၁၂၆	၀. ၀၁၂၃၇
တောင်ကိုရီးယား(ဝမ်)	၁၀၈၃. ၁၄	၀. ၀၀၀၉၂
ယူရို	၀. ၇၀၀၃၉	၁. ၄၂၇၇၈
ဗြိတိသျှ (ပေါင်)	၀. ၆၁၅၅၄	၁. ၆၂၄၅၈

အင်တာနက်။

☆ **ရွှေဖုံးမှ**

ထုတ်ဝေရေးလုပ်ငန်းမှ ထူးချွန်ဝန်ထမ်းများကိုလည်း ဆုများချီးမြှင့်သွားမည် ဖြစ်ကြောင်း၊ ယခုချီးမြှင့်မှုများသည် ပြီးခဲ့သည့်နှစ်က ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ချီးမြှင့်ခြင်းဖြစ်ရာ အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခြင်းအားဖြင့် ဌာနရောမိမိကိုယ်တိုင်ပါ တိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း။

ဆုပေးအပ်ချီးမြှင့်

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် နိုင်ငံတော်မှ ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ဦးတင့်ဆွေအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဌာန၏လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းတာဝန်(၁၂)ရပ်နှင့် ဝန်ထမ်းများလိုက်နာရမည့် အချက်(၁၄)ချက် ချမှတ်ပေးထားပြီးဖြစ်ရာ လာမည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင်လည်း ယခုထက် ပိုမိုအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မည့်လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများကိုလည်း ရရှိပိုင်ဆိုင်ထားပြီးဖြစ်ရာ ကောင်းမွန်သော အနာဂတ်ကို ဆက်လက်လျှောက်လှမ်းနေပြီဖြစ်ကြောင်း၊ အောင်မြင်မှုနှင့်အတူ နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အန္တရာယ်များလည်းရှိနေသည်ကို သတိပြု ကြိုးပမ်းဆောင်ရွက်ကြရန် လိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်း သား၊ သမီး ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းနေ သား၊ သမီးများအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် ဗလာစာအုပ်များကို ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးမြင့်ထွေး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်တို့ထံ ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် နိုင်ငံတော်မှ ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိကြသူများနှင့် ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် စံပြစက်ရုံဆုရရှိသော နေပြည်တော် ပုံနှိပ်စက်ရုံ စက်ရုံမှူးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်က ကဏ္ဍအလိုက် ဆုရရှိကြသည့် ပုံနှိပ်စက်ရုံများအတွက် ဆုများကို စက်ရုံမှူးများအား လည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဝန်ထမ်းများအတွက် တူညီဝတ်စုံများကို ဒုတိယအထွေထွေမန်နေဂျာ(စီမံ) ဦးမောင်ဝင်းအားလည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအောက်ရှိ ဌာနခွဲခြောက်ခုမှ ဝန်ထမ်းများ သက်သာချောင်ချိရေးဆောင်ရွက်နိုင်ရန် မတည်ငွေများကို စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးအား လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ သင်တန်းထူးချွန်ဆုရ ဝန်ထမ်းများအား လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဌာနကြီး ခြောက်ခုမှ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသော စံပြဝန်ထမ်းများအားလည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးက နေပြည်တော်ပုံနှိပ်စက်ရုံ၊ အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ၊ ဖိုတိုလစ်သို ပုံနှိပ်စက်ရုံ၊ အောင်ဆန်းပုံနှိပ်စက်ရုံ၊ စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ဂျီတီစီပုံနှိပ်စက်ရုံနှင့် ဗဟို ပုံနှိပ်စက်ရုံတို့မှ ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသည့် စံပြဝန်ထမ်းများအားလည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးထူးချွန်ဆုရ ဝန်ထမ်းများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ကျောင်းနေ သား၊ သမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတို့မှ ပညာရည်ချွန်ဆု၊ ပညာသင်ထောက်ပံ့မှု၊ သက်သာချောင်ချိရေး ဆောင်ရွက်ပေးရန် ထောက်ပံ့ငွေ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူများ၊ စံပြစက်ရုံဆုရရှိသူများနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး ထူးချွန်ဆုရရှိသူများအား စုစုပေါင်းငွေကျပ် ၁၄၈၆၁၀၀၀၀ ချီးမြှင့်ထောက်ပံ့ပေးခဲ့သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ကျောင်းနေ သား၊ သမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံမှ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့သည့် စံပြဝန်ထမ်းတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာပြပွဲ စာနယ်ဇင်းရှင်းလင်း

ရန်ကုန် ဇွန် ၁၅

ရန်ကုန် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် ပညာရေးပြပွဲကို ဇူလိုင် ၁ ရက်မှ ၄ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ IEMS CO.,Ltd. မှ စီစဉ်ကျင်းပမည်ဖြစ်ရာ အဆိုပါပြပွဲနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ဇွန် ၁၃ ရက်က ကုန်သည်ကြီးများ ဟိုတယ် ကုန်းဘောင်တကောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် မန်နေဂျင်း ဒါရိုက်တာ ဦးသက်လွင်ရွှေ **(အပေါ်ပုံ)**က ရှင်းလင်းပြောကြားပြီး စာနယ်ဇင်းများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားသည်။

အဆိုပါပြပွဲတွင် နိုင်ငံတကာ ပညာရေးဝန်ဆောင်မှုပြခန်းများကို သီးသန့်နေရာ စီစဉ်ပေးထားပြီး ကျောင်းသွားတက်မည့်သူများ ဆွေးနွေးနိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များမှ ဟောပြောချက်များကို နားထောင်နိုင်မည့်အပြင် အိမ်ဆောက်ပစ္စည်းများ၊ မော်တော်ယာဉ်ကြီးများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို အထူးသက်သာသော ဈေးနှုန်းများဖြင့် ခင်းကျင်းပြသ ရောင်းချမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၈၆၂၆၀၈၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မွန်ပြည်နယ် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ ကျင်းပ

နေပြည်တော် ဇွန် ၁၅

၂၀၁၁ ခုနှစ် အာဆီယံ သွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာလှဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းက ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားပြီး ပြည်နယ်ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာ ညဏ်ဆင့်က မွန်ပြည်နယ် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ အခြေအနေနှင့် အထိမ်းအမှတ် ရက်သတ္တပတ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးသည် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါနှင့် စပ်လျဉ်း၍ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။ အဆိုပါ အထိမ်းအမှတ် ရက်သတ္တပတ်ကာလအတွင်း ရောဂါနှစ်မျိုး ကာကွယ်နှိမ်နင်းရေးအတွက် မြို့နယ်များတွင် ကျန်းမာရေး အသိပညာပေးခြင်းနှင့် ရောဂါကာကွယ်ကုသရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည် ဖြစ်သည်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

သွားဘက်ဆိုင်ရာဆရာဝန်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏ စဉ်ဆက်မပြတ် ဆေးပညာပြန့်ပွားရေးအစီအစဉ်အရ ဇွန် ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ သံသုမာလမ်း သွပ်ဝိုင်းကြီးရပ်ကွက် သယ်န်းကျွန်းမြို့နယ်ရှိ အသင်းဘက်စုံသုံးခန်းမ၌ ပါမောက္ခ ဒေါက်တာဌေးဌေးရီ၊ ပါမောက္ခ/ဌာနမှူး၊ မေးရိုးနှင့်ခံတွင်း ခွဲစိတ်ပညာဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်က An Over View of Odontogenic Infections ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာမြတ်ညဏ်၊ လက်ထောက်ကထိက၊ သွားတုဆေးပညာဌာန၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန်က Regenerative Therapy in Dentistry: Integration of Prosthetic Rehabilitation and Regeneration ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများအပါအဝင် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဗလာဒီမာလီနင် ဂျူးသွေးမကင်းသည့်အဖြစ် ကေဂျီဘီ မှတ်တမ်းဟောင်းများ၌ ဖော်ပြ

မော်စကို ဇွန် ၁၅

ရုရှားနိုင်ငံ မော်စကိုမြို့တော်ရှိ နိုင်ငံတော်သမိုင်းပြတိုက်၌ ခင်းကျင်းပြသခဲ့သော ပြပွဲတစ်ရပ်သည် ဆိုဗီယက်ပြည်ထောင်စုကို တည်ထောင်ခဲ့သူ ဗလာဒီမာလီနင် (အပေါ်ပုံ)၏ မျိုးရိုးဇာစ်မြစ်အစစ်အမှန်ကို ဖော်ထုတ်ခဲ့ကြောင်း ဇွန် ၁၅ ရက် သတင်းများတွင် ဖော်ပြသည်။

ဆိုဗီယက်ခေါင်းဆောင်ကြီး ဗလာဒီမာလီနင်၏ မျိုးရိုးဇာတိအစစ်အမှန်သည် ရုရှားနိုင်ငံက ကာလကြာမြင့်စွာ ဖုံးကွယ်ထားခဲ့သော လျှို့ဝှက်ချက်တစ်ရပ်လည်း ဖြစ်သည်။

မော်စကို နိုင်ငံတော်သမိုင်းပြတိုက်ပြပွဲမှ မှတ်တမ်းအထောက်အထားများအရ လီနင်၏ မိခင်ဘက်မှ အဘိုးသည် ဂျူးအနွယ်ဝင်ဖြစ်ကြောင်း သိရသည်။

ဆိုဗီယက်ပြည်ထောင်စု ကေဂျီဘီထောက်လှမ်းရေးအဖွဲ့၏ လျှို့ဝှက်အဆင့်ပယ်ဖျက်မှတ်တမ်းများ၌ ဖော်ပြထားသော လီနင်၏ မျိုးရိုးဇာစ်မြစ်ဆိုင်ရာအမှန်တရားသည် ဂျူးဆန့်ကျင်ရေးဝါဒ နှစ်ပေါင်းများစွာ အမြစ်တွယ်ခဲ့ဖူးသည့် ရုရှားနိုင်ငံအတွက် သေးမွှားသော ပြဿနာတစ်ရပ် မဟုတ်ကြောင်း သတင်းတွင် ဖော်ပြသည်။

၁၈၇၀ ခုနှစ်တွင် မွေးဖွားခဲ့သော ဗလာဒီမာလီနင်သည် ၎င်းကိုယ်၎င်း ရုရှားအမျိုးသားတစ်ဦးအဖြစ်သာ သိထားသူဖြစ်သည်။ လီနင်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိများတွင်လည်း ၎င်းသည် ရုရှား၊ ဂျာမန်နှင့် ဆွီဒင်မျိုးနွယ်များမှ ဆင်းသက်လာသူဖြစ်ကြောင်း ဖော်ပြထားသည်။

မော်စကို နိုင်ငံတော်သမိုင်းပြတိုက်ပြပွဲ၌ လီနင်၏ ညီမတစ်ဦးဖြစ်သူ အင်နာအာလျာနိုဗာက ဆိုဗီယက်ခေါင်းဆောင် ဂျိုးဇက်စတာလင်ထံသို့ ၁၉၃၂ ခုနှစ်က ပေးပို့ခဲ့သော ပေးစာတစ်စောင်ကို ပြသထားသည်။

ဗလာဒီမာလီနင်မိသားစု၏ အမိဘက်မှ အဘိုးသည် ဆင်းရဲနွမ်းပါးသော ဂျူးမိသားစုတစ်စုမှ ဆင်းသက်လာကြောင်း အဆိုပါပေးစာ၌ ဖော်ပြထားသည်။

လီနင်သည် ဂျူးလူမျိုးများကို အထင်ကြီးလေးစားသူတစ်ဦးဖြစ်ကြောင်း၊ ၎င်း၏ ဘဝဇာတိအမှန်နှင့်ပတ်သက်၍ အများပြည်သူတို့ကို ဖုံးကွယ်ခြင်းမပြုဘဲ ဖော်ထုတ်ပေးသင့်ကြောင်း အာလျာနိုဗာ၏ ပေးစာတွင် ဖော်ပြထားသည်ဟု ဆိုသည်။ **အင်တာနက်။**

အနောက်အုပ်စုကိုရင်ဆိုင်ရေး ညီညွတ်သောတပ်ဦးဖွဲ့စည်းရန် အီရန်သမ္မတ တောင်းဆို

အက်စ်တာနား ဇွန် ၁၅

အနောက်အုပ်စုနိုင်ငံများကို ရင်ဆိုင်ရေးအတွက် ညီညွတ်သောတပ်ဦးတစ်ရပ် ဖွဲ့စည်းရန် အီရန်သမ္မတ မာမွတ်အာမာဒီနီဂျက်က တရုတ်နှင့်ရုရှားနိုင်ငံတို့ ဦးဆောင်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အက်စ်စီအို)ကို တောင်းဆိုခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ကာဇက်စတန်နိုင်ငံ၌ ကျင်းပလျက်ရှိသော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ထိပ်သီးညီလာခံ၌ မိန့်ခွန်းတစ်ရပ်ပြောကြားရာတွင် အီရန်သမ္မတက ယင်းကဲ့သို့ တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ဗဟိုအာရှဒေသ၌ အမေရိကန်ပြည်ထောင်စုနှင့် အင်အားချိန်ခွင်လျှာညီရန် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ရည်ရွယ်ဖွဲ့စည်းခဲ့သည်ဟူသော သံသယအမြင်များသည် အီရန်သမ္မတ အာမာဒီနီဂျက်၏ မိန့်ခွန်းကြောင့် ပိုမိုနက်ရှိုင်းလာဖွယ်ရှိသည်။

အနောက်အုပ်စုနိုင်ငံများကို အမည်နာမအားဖြင့် အတိအကျဖော်ညွှန်းခြင်းမရှိဘဲ ကျွန်ပြုသူများ၊ ကိုလိုနီနယ်ချဲ့ဝါဒီများနှင့် ကျူးကျော်သူများအဖြစ် အီရန်သမ္မတက စွပ်စွဲပြောကြားခဲ့သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အက်စ်စီအို)ကို ဒေသတွင်း ဘာသာရေးအစွန်းရောက်ဝါဒီများ အန္တရာယ်တားဆီးရေးနှင့် အဖွဲ့ဝင်နိုင်ငံများ၏ နယ်စပ်လုံခြုံရေးအတွက် အဓိကရည်ရွယ်၍ ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။

ယင်းအဖွဲ့ကို တရုတ်၊ ကာဇက်စတန်၊ ကာဂျီစတန်၊ ရုရှား၊ တာဂျီကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံများဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်သည်။ **အင်တာနက်။**



အီရန်သမ္မတ အာမာဒီနီဂျက်။

စွမ်းအင်နှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ရုရှားနှင့် တရုတ်ခေါင်းဆောင်များ ဆွေးနွေးမည်

မော်စကို ဇွန် ၁၅

ရုရှားနှင့် တရုတ်ခေါင်းဆောင်များသည် စိန့်ပီတာစဘတ်မြို့တွင် ဇွန် ၁၅ ရက်မှစ၍ သုံးရက်ကြာ ကျင်းပမည့် နိုင်ငံတကာ စီးပွားရေးဖိုရမ်ဆွေးနွေးပွဲသို့ တက်ရောက်ကြမည်ဖြစ်ကြောင်း၊ ယင်းဆွေးနွေးပွဲ၌ စွမ်းအင်နှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးရန် စီစဉ်ထားကြောင်း ရုရှားသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အာရှနှင့် ပစိဖိတ်ဒေသ ဈေးကွက်များသို့ ရေနံစိမ်းတင်ပို့ရောင်းချနိုင်ရန် ရုရှားထရန်စ်နက် ကုမ္ပဏီက ပိုက်လိုင်း သွယ်တန်းနေသည်ကို တွေ့ရစဉ်။

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်နှင့် တရုတ်သမ္မတ ဟူကျင်ထောင်းတို့သည် စိန့်ပီတာစဘတ်မြို့၌ ကျင်းပမည့် နိုင်ငံတကာ စီးပွားရေးဖိုရမ်ဆွေးနွေးပွဲသို့ တက်ရောက်ကြမည်ဖြစ်ကြောင်း အင်တာဖက်စ်သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ရုရှားနှင့် တရုတ်တို့၏ ရင်းနှီးချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့မှု ၁၀ နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ထိပ်သီးဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။ တရုတ်စက်မှုလုပ်ငန်းများအတွက် ရုရှားနိုင်ငံက စွမ်းအင်ထောက်ပံ့ပေးနိုင်ရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စနှင့်ပတ်သက်၍ ဦးစားပေးဆွေးနွေးကြမည်ဖြစ်ကြောင်း အင်တာဖက်စ်သတင်းဌာနက ပြုလုပ်သော လူတွေ့မေးမြန်းခန်း တစ်ရပ်တွင် သမ္မတ ဟူက ပြောကြားသည်။

ရုရှားနိုင်ငံ၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်နှင့် သဘာဝဓာတ်ငွေ့ပို့ဆောင်ရေးကွန်ရက်တို့ကို တရုတ်နိုင်ငံရှိ မန်ချူးရီးယားနှင့် စင်ကျန်းဒေသတို့နှင့် ချိတ်ဆက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း အင်တာဖက်စ်သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ထိုစဉ်အတွင်း တရုတ်အစိုးရတာဝန်ရှိသူများနှင့် ရုရှား သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော ဂက်စ်ပရွမ် ကုမ္ပဏီတို့သည် ဇွန် ၁၃ရက်မှစ၍ စွမ်းအင်ဆိုင်ရာဆွေးနွေးပွဲသစ်ကို ကျင်းပလျက်ရှိသည်။

ရုရှားနိုင်ငံ အယ်လ်တိုင်ပြည်နယ်ကို ဖြတ်သန်း၍ တရုတ်နိုင်ငံအနောက်ပိုင်းဒေသသို့ ဆက်သွယ်မည့်ဓာတ်ငွေ့ပိုက်လိုင်းတစ်လိုင်းကို တည်ဆောက်ကာ နှစ် ၃၀ ကန်ထရိုက်စာချုပ်စနစ်ဖြင့် သဘာဝဓာတ်ငွေ့ တင်ပို့ရောင်းချပေးရန်ကိစ္စအား ယင်းဆွေးနွေးပွဲတွင် ဆွေးနွေးလျက်ရှိသည်။ **အင်တာဖက်စ်။**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၁၅ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၆၁၉၇ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၇၉၂၉၂ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၆၁၉၇ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၉၂၉၂ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဇွန် ၁၅

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဇွန် ၁၅ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၉၆၉ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၁၅၀၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၉၆၉ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၅၀၈ ဦး

အင်တာနက်။

ကိုလံဘီယာရှိ သတ္တုတွင်း၌မြေပြို၊ အလုပ်သမား ငါးဦးထက်မနည်း သေဆုံး

ဘိုဂိုတာ ဇွန် ၁၅

ကိုလံဘီယာနိုင်ငံတောင်ပိုင်း ကော်ကာပြည်နယ်ရှိ ရွှေတူးဖော်ထုတ်လုပ်ရေး သတ္တုတွင်းတစ်တွင်း၌ မြေပြိုမှုဖြစ်ပွားခဲ့ရာ ငါးဦးထက်မနည်းသေဆုံးကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ဇွန် ၁၅ရက်တွင် ပြောကြားသည်။

ကော်ကာပြည်နယ် လိုပက်ဇ်ဒီမီကေးခရိုင်ရှိ ရွှေတူးဖော်ထုတ်လုပ်ရေး သတ္တုတွင်း၌ မြေပြိုမှုဖြစ်ပွားခဲ့ရာတွင် အလုပ်သမားငါးဦးသေဆုံးခဲ့ကြောင်း၊ သေဆုံးသူငါးဦးမှာ အမျိုးသားလေးဦးနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးတို့ဖြစ်ကြောင်း ခရိုင်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး အိန်ဂျယ်ရက်စကိုက ပြောကြားသည်။

ကိုလံဘီယာနိုင်ငံ၌ လွန်ခဲ့သည့်သုံးနှစ်တာကာလအတွင်း သတ္တုမိုင်းတွင်းများတွင်ဖြစ်ပွားသော မတော်တဆမှုများကြောင့် ၂၁၆ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

အိန္ဒိယနှင့် သီရိလင်္ကာ ကူးတို့သင်္ဘောခရီးစဉ် စတင်

ကိုလံဘို ဇွန် ၁၅

အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့သည် ၂၈နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ခရီးသည်တင် ကူးတို့သင်္ဘောပြေးဆွဲမှုကို စတင်လိုက်ပြီဖြစ်ကြောင်း သီရိလင်္ကာဆိပ်ကမ်းအာဏာပိုင်အဖွဲ့ တာဝန်ရှိသူတစ်ဦးက ဇွန် ၁၅ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း တူတီကိုရင်ပင်လယ်ဆိပ်ကမ်းမှ ဇွန် ၁၂ရက်တွင် ထွက်ခွာလာခဲ့သော "ဆော်ရှားပရင့်စ်"အမည်ရှိ ကူးတို့သင်္ဘောသည် ကိုလံဘိုပင်လယ်ဆိပ်ကမ်းသို့ ဇွန် ၁၄ရက်တွင် ဆိုက်ရောက်လာခဲ့ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

သီရိလင်္ကာပြည်တွင်းစစ်ကာလအတွင်းနှစ်နိုင်ငံဆက်သွယ်နိုင်သည့် ကူးတို့သင်္ဘောခရီးစဉ်ကို ရပ်နားထားခဲ့ရသည်။

ခရီးသည် ၁၀၄၄ ဦးလိုက်ပါနိုင်သော အဆိုပါကူးတို့သင်္ဘောသည် ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ် ကိုလံဘိုမြို့နှင့် တူတီကိုရင်မြို့အကြား ပြေးဆွဲပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယင်းကူးတို့သင်္ဘောသည် ပယ်လ်ရေလက်ကြားကို ဖြတ်သန်းရန် ၁၄နာရီခန့်ကြာ မောင်းနှင်ရသည်။ နှစ်နိုင်ငံ ကူးသန်းသွားလာနိုင်မည့် ခရီးစဉ်ကို တိုးချဲ့နိုင်ရေးအတွက် သီရိလင်္ကာ အာဏာပိုင်များက ကူးတို့သင်္ဘော နောက်တစ်စင်းကို အသုံးပြုရန် စီစဉ်လျက်ရှိကြသည်။ **အင်တာနက်။**



သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံအကြား ခရီးသည်များအား ပို့ဆောင်ပေးနေသည့် "ဆော်ရှားပရင့်စ်" အမည်ရှိ ကူးတို့သင်္ဘောကို တွေ့ရစဉ်။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား

ဒေဝူးကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ် တွေ့ဆုံ

နေပြည်တော် ဇွန် ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား Daewoo International ကော်ပိုရေးရှင်းမှ CEO & Chairman Mr. Dong Hee Lee သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာ့စက်မှု ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဟန်စိန်၊ ဦးချန်မောင်နှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား Daewoo International ကော်ပိုရေးရှင်းမှ CEO & Chairman Mr. Dong Hee Lee လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဂျိုင်း(ကော့ကရိတ်)တံတား အကြီးစားပြင်ဆင်ထိန်းသိမ်းရန် သံထည်လုပ်ငန်းများ ဆောင်ရွက်နေ တံတားခံနိုင်ဝန်မြင့်မားရေး နည်းပညာပိုင်း စနစ်တကျဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး မှာကြား



ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကရင်ပြည်နယ် ဘားအံ-ကော့ကရိတ်-မြဝတီလမ်းပေါ်ရှိ ဂျိုင်း(ကော့ကရိတ်) တံတား အကြီးစားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၁၃ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁) ရန်ကုန်-သန်လျင်တံတားဝင်းအတွင်းရှိ သံထည်အလုပ်ရုံသို့ ရောက်ရှိပြီး ကရင်ပြည်နယ် ဘားအံ-ကော့ကရိတ်-မြဝတီလမ်းပေါ်ရှိ ဂျိုင်း(ကော့ကရိတ်)တံတား အကြီးစားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် C.Channel များဖြတ်တောက်နေမှု၊ သံပေါင်နှင့် Transom ရက်မများပြုလုပ်နေမှုနှင့် ကြမ်းခင်းပြားများ ဆောင်ရွက်နေမှုနှင့် C.Channel များ ခံဆေး Red Oxide သုတ်နေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ပြင်ဆင်ပြီးသံပေါင်ရက်မများကို လုပ်ငန်းခွင်သို့ အမြန်ဆုံးပို့ပေးရန်နှင့် တံတားကြီး ကြံ့ခိုင်မှုနှင့် ခံနိုင်ဝန်အားမြင့်မားရေးအတွက် နည်းပညာပိုင်းဆိုင်ရာများကို စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁)ရုံး၌ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁) မှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တံတားများ၊ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တံတားများနှင့် လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၊ လမ်းအမှတ်(၁၀)တွင် တံတားများ တည်ဆောက်ပြီးစီးမှု၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန် ကျန်ရှိသည့် တံတားများနှင့် စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထူးအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်များရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ဝန်ထမ်းများနေထိုင်ရေးအတွက် စနစ်တကျ နေရာချထားပေးရေး၊ မိမိတို့လုပ်ငန်းတာဝန်များကို စေတနာထားပြီး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ရေး၊ ငွေကြေးသုံးစွဲမှု စနစ်တကျရှိစေရေး၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများအတိုင်း မှန်ကန်စွာ ဆောင်ရွက်ရေး၊ ပစ္စည်းထားသိုမှု စနစ်တကျဆောင်ရွက်ရေး၊ လုပ်ငန်းသုံးပစ္စည်းများသုံးစွဲမှု မှန်ကန်ပြီး အလေအလွင့်မရှိစေရေး၊ အင်ဂျင်နီယာအတတ်ပညာများကို လုပ်ငန်းလုပ်ဆောင်မှုများ၌ မှန်ကန်စွာ အသုံးချရေးတို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆-၆-၂၀၁၁ (ကြာသပတေးနေ့)
[၁၃၇၃ ခုနှစ်၊ နယုန်လပြည့်နေ့ (ဥပုသ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (အဖွဲ့ဝင်)၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ ထန်းတပင်ကျောင်း၊ ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဝေပုလ္လ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဟောကြားတော်မူအပ်သော "မဟာသမယသုတ္တန်"တရားတော်
- ၈း၁၀ ၄။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၈း၂၀ ၅။ ဓမ္မပူဇာတေးအစီအစဉ်
- ၈း၄၀ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈း၅၀ ၇။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၅၅ ၈။ International News
- ၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (Southern Myanmar F.C နှင့် ရက္ခပူရယူနိုက်တက် F.C)
- ၅း၀၀ ၂။ တေးဂီတအစီအစဉ်
- ၅း၁၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅း၂၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၅း၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၄၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅း၅၀ ၇။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၀။ **ပျော်ရွှင်စေသောနေ့ရက်များ "အချစ်ကော်ဖီ"(အပိုင်း-၅၅) (ကိုလင်း၊ စိန်စိန်၊ ယုဇနဗိုလ်မြင့်၊ ရဲရဲယု) (ဒါရိုက်တာ-အောင်ကျော်သူရ)**
- ၆း၄၀ ၁၁။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြံကြံဖန်ဖန်အမွေဆိုင်" (အပိုင်း-၁)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **"အစာလည်းဆေး၊ ဆေးလည်းအစာ"**
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး" (အပိုင်း-၅)**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၆၈)**
- ၁၉။ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ နယုန်လပြည့်မဟာသမယနေ့ကြီးကျယ်ထူးမြတ်သည့် အခါတော်နေ့
- ၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၁။ အစီအစဉ်ပြီး၏။

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

တရုတ်(တိုင်ပေ)၌ ပရိသတ်များ တစ်ခဲနက်အားပေး ကြိုဆိုခဲ့သည့် ကိုရီးယားမင်းသမီး ပက်ရှင်ဟိုင်

တောင်ကိုရီးယား ရုပ်ရှင်အနုပညာလောကတွင် ထိပ်တန်းစာရင်းဝင်မင်းသမီး တစ်ဦးဖြစ်သူ ပက်ရှင်ဟိုင်သည် တရုတ်(တိုင်ပေ)တွင် ပရိသတ်များ၏ လှိုက်လှိုက်လှဲလှဲအားပေးကြိုဆိုခြင်းခံခဲ့ရကြောင်း သူ၏အေဂျင်စီ 4HIM က အင်္ဂါနေ့တွင် ထုတ်ဖော်ပြောကြားသည်။

4HIM ဖျော်ဖြေရေးကုမ္ပဏီ၏ သတင်းစာရှင်းလင်းပွဲ သတင်းထုတ်ပြန်ချက်အရ ပက်ရှင်ဟိုင်သည် တနင်္ဂနွေနေ့က တရုတ်(တိုင်ပေ)သို့ သူ၏ Hayate the Combat Butler ဒရာမာဇာတ်ကားကို အရောင်းမြှင့်တင်ရေးပြုလုပ်ရန် သွားရောက်စဉ် တရုတ်(တိုင်ပေ)လေဆိပ်မှ ပရိသတ် ထောင်ပေါင်းများစွာက သူ့အမည်ရေးထိုးထားသည့်ကြော်ငြာဆိုင်းဘုတ်များကို ကိုင်ဆောင်၍ တစ်ခဲနက် လာရောက်အားပေးကြိုဆိုခဲ့ကြသည်ဟု ဆိုသည်။

"လေဆိပ်မှာ ဒီလောက်များပြားတဲ့ ပရိသတ်ကြီးက ကြိုဆိုနေလိမ့်မယ်လို့ လုံးဝမျှော်လင့်မထားပါဘူး။ ဒီလောက်လူအများကြီးက ကြိုဆိုနေတာတွေ့ရတော့ ဘယ်လိုကျေးဇူးတင်ရမှန်းတောင်မသိတော့ပါဘူး"ဟု ပက်ရှင်ဟိုင်က ပြောကြားသည်။

ပက်ရှင်ဟိုင်သည် Hayate the Combat Butler ဇာတ်ကားရိုက်ကူးစဉ် ယခုနှစ်စောစောပိုင်းက တရုတ် (တိုင်ပေ)၌ လေးလခန့်နေထိုင်သွားခဲ့ရာ ယခုကဲ့သို့ ပြန်လည်ရောက်ရှိလာခြင်းသည် "ကိုယ့်အိမ်ကို ပြန်လာရသလိုပါပဲ"ဟု ဆိုသည်။

Hayate ဇာတ်ကားသည် ဂျပန်ကာတွန်းကားကို အခြေခံရိုက်ကူးထားခြင်းဖြစ်ပြီး ယင်းဇာတ်ကားကို တရုတ်(တိုင်ပေ)၌ FTV ရုပ်သံလိုင်းမှ ဇွန် ၁၉ ရက်တွင် စတင် ထုတ်လွှင့်ပြသမည်ဖြစ်သည်။ ထို့နောက်ပိုင်းတွင် စင်ကာပူနှင့် တရုတ်နိုင်ငံတို့၌ စက်တင်ဘာလတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်သလို ဟောင်ကောင်နှင့် ဂျပန်နိုင်ငံတို့တွင်လည်း ဆက်လက်ပြသသွားမည်ဖြစ်သည်။

မင်းသမီးချော ပက်ရှင်ဟိုင်သည် ၂၀၀၃ ခုနှစ်က ရုပ်သံဇာတ်လမ်းတွဲ Stairway to Heaven ဇာတ်ကားတွင်



ကိုရီးယားမင်းသား ကွန်ဆန်ဝူး၊မင်းသမီး ချိုဂျီဝူးတို့နှင့်အတူ တွဲဖက်သရုပ်ဆောင်ခဲ့ပြီး အာရှတစ်လွှားတွင် နာမည်ကျော်ရေပန်းစားခဲ့သလို ၂၀၀၉ ခုနှစ်က ရုပ်သံ ဇာတ်လမ်းတွဲ He's Beautiful ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့သည်။

ပက်ရှင်ဟိုင်သည် ယခုလောလောဆယ် အမ်ဘီစီရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် ရုပ်သံဇာတ်လမ်းတွဲ Heart-strings ဇာတ်ကားတွင် မင်းသားဂျန်ယွန်ဟွာနှင့်အတူ တွဲဖက်သရုပ်ဆောင်ရိုက်ကူးလျက်ရှိသည်။

အင်တာနက်။

အောဝမ်းစိုး

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဆင်း

နေပြည်တော် ဇွန် ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၁)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက် အမှာစကားပြောကြားသည်။

အောင်လက်မှတ်ပေးအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းတွင် ပထမဆုရ ဦးစီးအရာရှိ ဒေါ်လှိုင်းသီတာထွန်း၊ ဒုတိယဆုရ ဦးစီးအရာရှိ ဒေါ်ချောစုခိုင်နှင့် တတိယဆုရ ဦးစီး အရာရှိ ဒေါ်ယဉ်မင်းထွေးတို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများ ကိုယ်စား ဦးစီးအရာရှိ ဦးထွန်းလင်းဦးအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

လေ့လာသင်ယူခဲ့

ယင်းသင်တန်း၌ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၅၁ ဦးတို့သည် ရက်သတ္တပါးပတ်ကြာ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနဆိုင်ရာ ဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်းနှင့် လုပ်ထုံး လုပ်နည်းများကို လေ့လာသင်ယူခဲ့ကြသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၁)သင်တန်းတွင် ဆုရရှိသူ တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယမြောက် အယ်လဇ္ဇာဘတ်ဘုရင်မထံ သံအမတ်ကြီး ဦးကျော်မျိုးထွဋ်၏ သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၁၆

ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူး အာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်မျိုးထွဋ်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၁ ခုနှစ် ဇွန် ၂ ရက်တွင် ဘာကင်ဟန်နန်းတော်၌ ဓနသဟာယနိုင်ငံတို့၏ နာယက၊ ယူနိုက်တက် ကင်းဒမ်း၊ မြောက်အိုင်ယာလန်နှင့် ၎င်းစိုးပိုင်သည့် အခြားနယ်ပယ်များအရှင် ဒုတိယမြောက် အယ်လဇ္ဇာဘတ်ဘုရင်မထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

ပြင်သစ်သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးကျော်စွာမင်း သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၁၆

ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စွာမင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၁ ခုနှစ် ဇွန် ၆ ရက်တွင် ပါရီမြို့၌ ပြင်သစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ နီကိုလပ်စ် ဆာကိုဇီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

အထက(၅) မင်္ဂလာတောင်ညွန့် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၅

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၅)၌ ၁၉၇၆-၂၀၀၀ ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၂၀ ရက်(အမျိုးသားနေ့)နံနက် ၈ နာရီခွဲတွင် ကန်တော်ကြီး ပန်းခြံအတွင်းရှိ ကရဝိက်ဥယျာဉ် ဥတ္တရဆောင်၌ ကျင်းပမည်ဖြစ်ရာ ဆရာမ ဒေါ်မိုးမိုးမြင့်ခိုင် ဖုန်း-၃၈၇၀၅၃၊ ဒေါ်ဟေမာဝေ ဖုန်း-၀၉-၅၅၀၂၆၃၀၊ ဒေါ်ခင်သန့်စည် ဖုန်း-၀၉-၅၁၈၇၅၉၃၊ ဦးအောင်မျိုးသိန်း ဖုန်း-၀၉-၇၃၀၂၆၉၃၈၊ ဦးထိန်လင်း ဖုန်း-၀၉-၅၁၃၁၈၅၇၊ ဦးလွင်မောင်မောင်ဦး ဖုန်း-၀၉-၇၃၀၂၈၆၅၈ နှင့် ဒေါ်ထားထားကျော် ဖုန်း-၀၉-၅၀၂၅၀၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတကာတက္ကသိုလ်များသို့ ဝင်ခွင့်ပြင်ဆင်လျှောက်ထားခြင်းနှင့် ပညာသင်ယူခြင်းဆိုင်ရာ ရှင်းလင်းပြောကြား

ရန်ကုန် ဇွန် ၁၅

ဩစတြေးလျနှင့် နယူးဇီလန်အခြေစိုက် Study Group နှင့် CROWN Education တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် အင်္ဂလန်နိုင်ငံရှိကမ္ဘာ့ထိပ်တန်း တက္ကသိုလ်များသို့ ဝင်ခွင့်ပြင်ဆင်ခြင်း၊ လျှောက်ထားခြင်းနှင့် ပညာသင်ယူခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ဇွန် ၂၂ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့တက်ရောက်နိုင်သည်။

ဟောပြောပွဲနေ့တွင် မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများအတွက် အင်္ဂလန်နိုင်ငံတွင် ပညာသင်ကြားခြင်းဆိုင်ရာ သတင်းအချက်အလက်များ၊ ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်များသို့ လျှောက်ထားရာတွင် ကြိုတင်ပြင်ဆင်ထားရမည့်အချက်များနှင့် ပညာရေးလမ်းကြောင်းများကို ရှင်းလင်းပြောကြားမည့်အပြင် တက္ကသိုလ်များအကြောင်း၊ ဘာသာရပ်များ၊ ဝင်ခွင့်အချက်အလက်များနှင့် ပညာရေးလမ်းကြောင်းများကို ရှင်းလင်းပြောကြားမည်ဖြစ်ရာ ဆွေးနွေးပွဲ တက်ရောက်ရန်နှင့် အသေးစိတ်စုံစမ်းမေးမြန်းနိုင်ရန် CROWN Education၊ Summit Parkview Hotel အခန်း (၂၂၈၊ ၂၂၉) ဖုန်း-၂၁၁၈၈၈၊ လိုင်းခွဲ-၂၂၈ နှင့် ၀၉-၅၀၈၅၁၈၅ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ ပြခန်းများ ဆောက်လုပ်ပြင်ဆင်

နေပြည်တော် ဇွန် ၁၅

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ ခင်းကျင်းပြသမည့် သပြေကုန်းဈေး ကားရပ်နားကွင်းနေရာ၌ ပြခန်းများ ဆောက်လုပ်နေမှု၊ ပြခန်းမုခ်ဦး ဆောက်လုပ်မည့်နေရာ၊ ဝန်ကြီးဌာန ပြခန်းများနှင့် ဟိုတယ်ဇုန်အလိုက်၊ အသင်းများအလိုက် ပြခန်းနေရာများ ခွဲဝေသတ်မှတ်ပေးထားမှုနှင့် ပြခန်းများဆောက်လုပ်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် ပြခန်းများ ဆောက်လုပ်နေသည့် ACE ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံများအား ပြခန်းအတွင်းပိုင်း ခင်းကျင်းပြင်ဆင်မှုများ ထပ်မံဆောင်ရွက်ရမည်ဖြစ်၍ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ ပြခန်းများကို အဆင့်ရှိရှိနှင့် သပ်သပ်ရပ်ရပ်ဖြစ်အောင် စနစ်တကျ ဆောက်လုပ်ရေး၊ ပြခန်းများတွင် အသုံးပြုရမည့် ရေလိုင်း၊ မီးလိုင်းများ အဆင်ပြေစေရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ ခင်းကျင်းပြသရန် ပြခန်းများ ဆောက်လုပ်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကန်တော်ကြီးဆည်ရေသောက်မြောင်း မြေကော်စက်ဖြင့် တူးဖော်

တောင်တွင်းကြီး ဇွန် ၁၅

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကန်တော်ကြီးဆည်ရေသောက်ဖွဲ့ဆည်ရေသွင်းမြောင်းအား မိုးစပါး အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် ဇွန် ၁၃ ရက်က မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ မြေကော်စက်ကြီးဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြည့်ဆည်းပေး

အဆိုပါ လုပ်ငန်းခွင်သို့ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးအေးမောင်း၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးရွှေအိုး၊ မြို့နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးတင်အုန်းနှင့် ဆည်မြောင်းဌာနမှ တာဝန်ရှိသူများသည် ဆည်ကော်မတီများနှင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များကို ကူညီပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

(၅၈၀)

မိဘနှစ်ပါးအား ရည်စူး၍ သန်လျင်မြို့နေ ဦးဝင်းမြင့်-ဒေါ်ကြည်ကြည်ဆွေ၊ ညီ ဦးတင်မြင့်၊ ညီမ ဒေါ်အေးအေးသစ် မောင်နှမတစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၌ အသုံးပြုရန် သံဃာတစ်ပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရိုတစ်စုံအတွက် အလှူငွေ ကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သစ်ချိုပင်ကျေးရွာတွင် ကျေးလက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်နေမှုကို မေ ၂၄ ရက်က အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမြတ်စိုးနှင့် အင်ဂျင်နီယာမှူး ဦးအာကာမြတ်သူတို့ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား UNESCO မှ Project Manager နှင့် အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇွန် ၁၅

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား UNESCO မှ Project Manager Mr.Sardar Umar Alam နှင့်အဖွဲ့သည် ဇွန် ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား UNESCO မှ Project Manager Mr.Sardar Umar Alam နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဗျာကိဏ္ဏနှင့် ကဝိလက္ခဏာမှတ်စု

ဘဒ္ဒန္တဉာဏာဘိဝံသ(ဘုရားဖြူ)၏ ဘုရားဟောကျမ်းဂန်များမှ လူ့ဘဝ အဆင့်အတန်းမြင့်မားရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဗဟုသုတပြည့်စုံရေးနှင့် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန်အရေးတို့ကို (ဗျာကိဏ္ဏမှတ်စု) နှင့် စာစပ်နည်း၊ ဝါကျခွဲနည်း၊ ပါဋ္ဌိစီကုံးနည်း၊ ကဗျာစပ်နည်းများနှင့် သန္ဓိပုဒ်စပ်၊ ပုဒ်ဖြတ်နည်း၊ ဓာတ်၊ ပစ္စည်းခွဲဝေနည်းများကို အစိုးရပါဠိ ပထမပြန် ငယ်၊ လတ်၊ ကြီးနှင့် ဓမ္မာစရိယတန်း ဖြေဆိုသူများအတွက် (ကဝိလက္ခဏာ) မှတ်စု စာအုပ်နှစ်အုပ် ထွက်ရှိလာသည်။

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ နှစ်(၂၀)ခရီး

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြင့်စိုး (နတလ) ရေးသားသော ၂၀၀၉ ခုနှစ် စာပေဗိမာန်စာမူဆုရ **"နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ နှစ်(၂၀)ခရီး"** စာအုပ်အား ပုံနှိပ်ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယင်းစာအုပ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေများ၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများအကြောင်း သိကောင်းစရာများ၊ နယ်စပ်ဒေသများတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ၁၉၈၉ ခုနှစ် မှ ၂၀၀၉ ခုနှစ်အထိ ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည့် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နယ်စပ်ဒေသအသီးသီးတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ဆောင်ရွက်မှုများ ပါဝင်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် မှတ်တမ်းဓာတ်ပုံများ၊ စာရင်းဇယား၊ ကိန်းဂဏန်းအချက်အလက်များ ပြည့်စုံစွာ ဖော်ပြထားသည်။

ယင်းစာအုပ်အား ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ် အရောင်းဆိုင်တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရသည်။

မဏ္ဍိုင်မဲ့ခေတ်သစ်ကမ္ဘာနှင့် မျက်မှောက်ခေတ်နိုင်ငံတကာရေးရာများ

စာရေးသူ မျိုးဇော်၏ မဏ္ဍိုင်မဲ့ခေတ်သစ်ကမ္ဘာနှင့် မျက်မှောက်ခေတ်နိုင်ငံတကာရေးရာများ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်းသိရသည်။

ရန်ကုန်တိုင်းမ် အပတ်စဉ်ဂျာနယ်တွင် ဖော်ပြခဲ့ပြီးသော ခေတ်ပြိုင်နိုင်ငံတကာရေးရာ၊ နိုင်ငံရေးနှင့် စီးပွားရေး သုံးသပ်ချက် ၃၂ ပုဒ်ကို စုစည်းထားသည့်စာအုပ်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၏ တတိယကမ္ဘာ့နိုင်ငံများအပေါ်ထားရှိသည့် နိုင်ငံခြားရေးသဘောထားများကို ဝေဖန်သုံးသပ်ထားသော ကမ္ဘာ့စီးပွားရေး အကျပ်အတည်းဆိုင်ရာကိစ္စရပ်များကို ဆန်းစစ်ဝေဖန်ထားသော ပြောင်းလဲလာနေသည့် နိုင်ငံတကာရေးရာ အခြေအနေများကို ယထာဘူတကျကျ သုံးသပ်ကောက်ချက် ပေးထားသောဆောင်းပါးများ ပါဝင်သည်။

ခေတ်ပြိုင်နိုင်ငံတကာရေးရာများကို စိတ်ဝင်စားသူတိုင်း ဖတ်ရှုသိမ်းဆည်းရမည့် စာအုပ်တစ်အုပ်ဖြစ်ပြီး ပြည့်စုံစာအုပ်တိုက်က ထုတ်ဝေဖြန့်ချိကြောင်း သိရသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၆-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

၅း၀၅ ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ကြီးကျယ်မြင့်မြတ်မဟာသမယ" တရားတော်(သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၆)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၄)**
၈း၅၀ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟ အသင်းကြီး၏ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းအောင်ပွဲ
၉း၀၅ ဖောင်ကြီးကျေးရွာ၊ အင်းပါတ်တောင်မှသာစုခေါ်သံ
၉း၁၅ MENHUNT 2011 (Part-1)
၉း၃၅ Fashion Talk
၁၀း၁၀ သာသနာတော်အတွက်ရည်မျှော် . . . ထေရဝါဒမွေဗိမာန်တော်
၁၀း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၀၀ The Champion of Dance
၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅ "ရုပ်ရှင်ထဲကကျန်းမာရေး"
၁၂း၄၀ သာသနာ့အမွေလှူပေးဝေ
၁း၀၀ "ကြီးကျယ်မြင့်မြတ်မဟာသမယ" တရားတော်(သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ခရမ်းမြို့နယ်နှင့်သုံးခွမြို့နယ်သို့ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ စာအုပ်လှူဒါန်းပွဲ
၂း၃၅ ရန်ကုန်မြင်ကွင်းကျယ်
၂း၅၀ နိဗ္ဗာန်သို့ရည်မျှော်သာသနာ့ အမွေခံသည့်အလှူတော်
၃း၀၀ Activities In The City
၃း၁၀ Mizon Korea Cosmetic Showroom Opening & Product Launch
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၆)**
၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၄)**
၅း၀၀ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်၍ ပူဇော်ကန်တော့ခဲ့ကြသော. . .
၅း၂၀ တောင်ငူမြို့သမိုင်းဝင်ရွှေဆံတော် စေတီတော်မြတ်ထီးတော်တင်ပွဲ
၅း၃၅ ဓာတ်ပုံထဲမှအမှတ်တရများ
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၇)**
၇း၀၅ Style ရှိမှ Star ဖြစ်မယ်
၈း၀၀ MRTV-4 သတင်း
၈း၃၀ ဗုဒ္ဓနှစ်(၂၆၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲ
၈း၄၅ စကားနပန်း
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၅)**
၁၀း၁၅ အားကစားမြင်ကွင်းစုံ
၁၀း၄၀ မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင်
၁၁း၀၅ အနုပညာမိုးကောင်းကင်
၁၁း၂၅ ဂီတသရုပ်ပြခန်း
၁၁း၅၅ မြန်မာ့ "အိုး"
၁၂း၀၅ ဖန်တီးသူနှင့်အနုပညာ
၁၂း၃၅ မေတ္တာပန်းတို့မွှေးပျံ့စေ
၁၂း၅၅ စွဲမက်ဖွယ်ရာရတနာ
၁း၂၀ ကလေးများနှင့်ကျန်းမာရေး
၁း၂၅ Shooting Location
၁း၄၀ ဆေးဖက်ဝင်. . . ဝင်ငွေတိုး. . . "ဝ"ဥပင်ကိုပျိုး
၂း၀၅ နယဉ်ဆန်းထွင်ပန်းအလှဆင်
၂း၃၀ ရေဆန်စီးတဲ့မြစ်
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ အံ့ဖွယ်ထူးခြားမြေလတ်ဒေသဆီမှ ဘုရားများ
၄း၂၅ တောင်ငူခေတ်ရဲ့ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
၄း၄၀ ရှင်တော်မဟာမုနိ. . ဘဂဝါပူဇေမိ
၅း၀၀ အစီအစဉ်ပြီး။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာသို့ ကွယ်လွန်သူဖခင်ကြီး ဦးသိန်းဟန်(မေခလာဓာတ်ပုံတိုက်)အား ရည်စူး၍ မိခင်ကြီး ဒေါ်သိန်းညွန့်ကို အမှူးထားကာ မန္တလေးမြို့နေ ဦးဝင်းမြင့်ဆွေ-ဒေါ်ခင်မာသိန်း (အာရောဂျံဆေးတိုက်)မိသားစုက အလှူငွေကျပ် ငါးသိန်းကို မေ ၁၂ ရက်က လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးရွှေ လက်ခံစဉ်။

(၁၁၅)

ရန်ကုန်မြောက်ပိုင်းခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ မွမ်းမံသင်တန်းများဖွင့်လှစ်

ရန်ကုန် ဇွန် ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ စီမံမှုအောက် အမှတ်(၁)ဌာနခွဲမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ မွမ်းမံသင်တန်း (၁/၂၀၁၁)ဖွင့်ပွဲကို ဇွန် ၉ရက်က တိုက်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ **(ဝဲပုံ)** သင်တန်းသား ၃၂၁ ဦး တက်ရောက်ခဲ့သည်။

အလားတူ သင်တန်းများကို အမှတ်(၂)ဌာနခွဲ မှော်ဘီတွင် (၂/၂၀၁၁)၊ အမှတ်(၃) ဌာနခွဲ လှည်းကူးတွင် (၃/၂၀၁၁)၊ အမှတ်(၄)ဌာနခွဲ အင်းစိန်တွင် (၄/၂၀၁၁)တို့အား ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

(ကြေးမုံ)

ပေးအပ်လှူဒါန်း

ရောင်ရွှေဝါကုမ္ပဏီလီမိတက် စက်သုံးဆီရောင်းဝယ်ရေး ဖျာပုံမန်နေဂျာ ဦးအောင်ခိုင်ဝင်း မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအတွက် ငွေကျပ် ၁၀ သိန်းကို မေ ၂၅ ရက်က ဖျာပုံမြို့နယ် ပညာရေးမှူး ဒေါ်ဖြူဖြူဝင်းအား ပေးအပ်လှူဒါန်းစဉ်။

(၁၆၈)

❋ e-Government မှ

e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ကုလသမဂ္ဂ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်ရုံးမှ အကြီးတန်း အကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး e-Government စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးနှင့် အရှိန်အဟုန်မြှင့်တင်ရေးတို့အတွက် လိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများသည် အဖွဲ့ ၁၀ ဖွဲ့ခွဲ၍ e-Government ဆိုင်ရာ စိန်ခေါ်မှုများကို ပူးပေါင်းညှိနှိုင်းဆွေးနွေး အဖြေရှာကြကာ အဖြေများကို အဖွဲ့အလိုက် တင်ပြဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က အဖွဲ့အလိုက် တင်ပြဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က နိုင်ငံတကာတွင် လက်ရှိအသုံးပြုနေသည့် e-Government လုပ်ငန်းများ အခြေအနေကို ရှင်းလင်းပြောကြားပြီး မိမိတို့နိုင်ငံတွင်လည်း e-Government လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေးနှင့် အရှိန်အဟုန်မြှင့်တင်ရေး လုပ်ငန်းများကို အောင်မြင်အောင် ဦးစားပေးကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ယခုဆွေးနွေးပွဲသို့ တက်ရောက်၍ e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေးအတွက် ဝိုင်းဝန်း ဆွေးနွေးပေးကြသူများ အားလုံးကို ကျေးဇူးတင်ရှိကြောင်း၊ e-Government လုပ်ငန်းစဉ်များအောင်မြင်ပြီး ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေး၊ အရှိန်အဟုန်မြှင့်တင်ရေးတို့အတွက် ဆွေးနွေးတိုင်ပင်အဖြေရှာကြကာ ပန်းတိုင်ကိုရောက်အောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် e-Government စနစ်ကို နိုင်ငံ့ဝန်ထမ်းများသာမက တစ်နိုင်ငံလုံးရှိ ပြည်သူများ သိရှိနားလည်၍ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေး ဆိုင်ရာ ဆွေးနွေးပွဲ ဒုတိယနေ့တွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ယင်းနောက် (IMPACT) International Multilateral Partnership Against Cyber Threats မှ Chairman, Mr. Datuk Mohd Noor Amin နှင့် Ms. Cherie Tseng, National Trust Council , IDA စင်ကာပူတို့က နည်းပညာဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံများကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် Alpha Info-Tech (Mandalay)မှ Managing Director ဦးရဲမြတ်သူက နည်းပညာဆိုင်ရာ မြန်မာနိုင်ငံ၏ အတွေ့အကြုံများကို ဆွေးနွေးပြောကြားပြီး e-Government လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာဆွေးနွေးပွဲ ဒုတိယနေ့ကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

○ ကျောဖုံးမှ

နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် အာဆီယံ သွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုနှစ် ASEAN Dengue Day ၏ ဆောင်ပုဒ်မှာ "Dengue is Everbody's Concern, Causing Socio economic burden, but it's Spreventable" ဖြစ်ကာ မြန်မာလို ဆောင်ပုဒ်မှာ လူမှုဒုက္ခကင်းဝေးဖို့ သွေးလွန်တုပ်ကွေးကာကွယ်စို့ ဖြစ်ကြောင်း။

ငှက်ဖျားရောဂါကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူသန်းပေါင်း ၅၀ ခန့်သည် ရောဂါဝေဒနာခံစားကြရပြီး လူတစ်သန်းခန့် သေဆုံးလျက်ရှိနေကြောင်း၊ အရှေ့တောင်အာရှဒေသအတွင်းရှိ နိုင်ငံများ၌ နေ့စဉ် လူ ၅၀၀၀ ခန့်သည် ငှက်ဖျားရောဂါကို ခံစားနေရကာ တစ်နှစ်လျှင် သေဆုံးသူ တစ်သိန်းခန့်ရှိနေသည်ဟု သိရှိရကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင်ရှိသည့် ငှက်ဖျားရောဂါ ဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်းကို ၂၀၁၅ ခုနှစ်မတိုင်မီတွင် ထက်ဝက် လျှော့ချနိုင်ခဲ့ပြီး ဖြစ်သော်လည်း ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်ကို ပြည့်မီနေပြီဟု ကျေနပ်မနေဘဲ ယခုထက် ပိုမိုဆောင်ရွက်သွားကြရန် လိုကြောင်း၊ ယခုနှစ် လေးကြိမ်မြောက် ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်မှာ "ငှက်ဖျားသေဆုံးမှုပပျောက်ရေး၊ ၂၀၁၅ မှန်းမြော်တွေး၊ တိုးမြှင့်စုပေါင်းတိုက်ဖျက်ပေး" ဟူ၍ ဖြစ်ကြောင်း။

ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေခြင်း၊ ခြင်ထောင်များ ဆေးစိမ်ပေးခြင်း၊ ကျောင်းများနှင့် ရပ်ကွက်များအတွင်း သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ ကာကွယ်နိုင်ရေးအတွက် Abate ခေါ် ပိုးလောက်လမ်းများ သေစေသည့် ဆေးများ ခတ်ခြင်းတို့ကို နိုင်ငံတော်၏ အထောက်အပံ့နှင့်အတူ WHO, UNICEF, 3 Diseases Fund, Global Fund, JICA စသည့် အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူလူထု အနေဖြင့်လည်း မိသားစုအလိုက် ခြင်မပေါက်ပွားအောင် ပိုးလောက်လမ်း နှိမ်နင်းရေး လုပ်ငန်းဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့်လည်း တစ်ဆက်တည်း မှာကြားသွားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ အာဆီယံ သွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြခန်းငယ်ကို လှည့်လည် ကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။
(သတင်းစဉ်)

အရည်အသွေးမီ တိုင်းရင်းဆေးဝါးများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဆရာများ အရည်အသွေး မြင့်မားစေရန် မှာကြား

နေပြည်တော် ဇွန် ၁၅

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်သည် ဇွန် ၉ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးရုံ အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးဌာနမှူး၊ တိုင်းရင်းဆေးရုံအုပ်၊ တိုင်းရင်းဆေးစက်ရုံမှူး၊ တိုင်းရင်းဆေးရုံမှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းပေးပြီး ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို ရရှိရန် လုပ်ငန်းများဆောင်ရွက်သည့်အခါ၊ လူနာနှင့် ထိတွေ့ဆက်ဆံသည့်အခါ ကြင်ကြင်နာနာ ဆက်ဆံကြရန်၊ အရည်အသွေးမီ တိုင်းရင်းဆေးဝါးများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆေးဆရာများ အရည်အသွေး မြင့်မားစေရန် တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်၍ ပြင်ပလူနာဌာန၊ လူနာကုသဆောင်များနှင့် ဆေးဝါးကုသမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လူနာများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးကာ တိုင်းရင်းဆေးစက်ရုံ၏ စက်ရုံ၊ အလုပ်ရုံ၊ ဆေးဝါး သိုလှောင်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပသော ကျန်းမာရေးဓမ္မာရုံ ကြီးကြပ်ထိန်းသိမ်းရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၌ ကြက်ဥမှ ထုတ်လုပ်သော မြွေပွေးအဆိပ်ဖြေဆေးစီမံချက် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။
(သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

စဥ့်ကိုင်တွင် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

စဥ့်ကိုင် ဇွန် ၁၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် တဘက်ဆွဲကျေးရွာတွင် အလိမ္မာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်စာစောင်၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားပြစက်လှူဒါန်းပွဲအခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ထို့နောက် အလိမ္မာစာကြည့်တိုက်အတွက် တံတားဦးမြို့နေ ဦးမောင်နိုင်မိသားစုက ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံး၊ ကျေးရွာမာဃလူငယ်လူမှုရေးအသင်းမှ ၁၈ လက်မရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံး၊ EVD တစ်လုံးနှင့် စလောင်းတစ်စုံ၊ စေတနာရှင်အလှူရှင်များက ငွေပဒေသာပင်ကျပ် ခြောက်သောင်းနှင့် သုတရသစာအုပ်စာစောင် ၂၈၀ တို့ကို ပေးအပ် လှူဒါန်းရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင့်လွင်၊ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ထွေးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (မြို့နယ်ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ဒေါင်းအိုအုပ်စု လက်ပံအိုင့်ရွာ၌ မေ ၁၇ ရက် နံနက် ၈ နာရီက အမေ့အိမ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြန်/ဆက်ဦးစီးဌာန မကွေးတိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး၊ အလှူရှင်နှင့် မြိုင်မြို့နယ်အသင်း (ရန်ကုန်-ဥက္ကဋ္ဌ) တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ်ပြန်/ဆက်)

စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် ဇွန် ၁၅

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၈ ခုနှစ် စာပေဗိမာန်စာမူဆု၊ သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံ) ဘာသာရပ် ဒုတိယဆုရ ဒေါက်တာအေးကျော် (ဆေးသုတေသန)ရေးသားသည့် **"ဂလိုဘယ်ဇီဝဆေးသိပ္ပံနှင့် မြန်မာ့ဆေးသုတေသနရေစီးကြောင်း"** စာအုပ်ကို စာအုပ်အသင်း၏ (၇၂)ကြိမ်မြောက်စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန် စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရာစုဥဒါန်းစာကြည့်တိုက်ကော်မတီ ပြန်လည်ဖွဲ့စည်း

သန်လျင် ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ(ရွာဝ)တွင် တည်ရှိသော ရာစုဥဒါန်းစာကြည့်တိုက်၏ စာကြည့်တိုက်ထိန်းသိမ်းရေးကော်မတီကို မေ ၈ ရက်က အသစ်ပြန်လည်ဖွဲ့စည်းလိုက်ကြောင်းသိရသည်။ အဆိုပါ ရာစုဥဒါန်းစာကြည့်တိုက် ကော်မတီတွင် နာယကများအဖြစ် ဦးသိန်းတန်၊ ဦးဘအေး၊ ဦးမြစံ၊ ဦးဝင်းကြိုင် (သန်လျင်မောင်လှမျိုး)၊ ဦးစံသိန်း (ကိုမောင်စံသိန်း-ဗိုလ်ချုပ်ရွာ)၊ ဥက္ကဋ္ဌ ဦးရဲထွန်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးဝင်းအောင်၊ ဦးကျော်ရွှေအောင်၊ အတွင်းရေးမှူး ဦးတင်မောင်ငွေ (သတင်းထောက်)၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်သီဟ၊ ဘဏ္ဍာရေးမှူး ဦးဆန်းလင်းနိုင် (ဆန်းလင်းနိုင်-စာသင်ဝိုင်း)၊ စာရင်းစစ်ဒေါက်တာ အောင်ဆန်းဝင်း၊ ပြန်ကြားရေးမှူး ဦးမျိုးမြင့် (ကာတွန်းအိကွေတာ)၊ အဖွဲ့ဝင်များအဖြစ် ဦးမောင်မောင်၊ ဦးအေးသိန်း၊ ဦးမြဝင်း(၁)၊ ဦးမြဝင်း(၂)၊ ဦးယုဆွေ၊ ဦးလှမြင့်(စာကြည့်တိုက်မှူး) တို့ပါဝင်ကြောင်းနှင့် ရာစုဥဒါန်းစာကြည့်တိုက်ကို ရန်ကုန်မြို့ ရှိုင်းဟုတ်ကုမ္ပဏီမှ MD ဦးဝင်းသန်း၊ ဆရာမကြီး ဒေါက်တာ ဒေါ်ခင်ရီတို့က မြေကွက်အကျယ် ပေ ၉၀×ပေ ၁၂၀ နှင့် ငွေကျပ်သိန်း ၁၂၀ မတည်ကာ ၂၀၀၉ ခုနှစ်တွင် လှူဒါန်းခဲ့ကြောင်း သိရသည်။
(၆၀၈)

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှု ရှိ/မရှိ စိစစ်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၅

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိကြရာ ဇွန် ၁၃ ရက်တွင် ဒေါက်တာသန်းထိုက်ဦး အပါအဝင် ပုဂ္ဂိုလ် ၁၇ ဦးက ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party) ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှု ရှိ/မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံ ညှိနှိုင်းထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ ရင်းနှီးစွာဆွေးနွေး

နေပြည်တော် ဇွန် ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ထိုင်းနိုင်ငံအခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဒေါ့ကလပ်စ်ဟာဗေးမွန်ရိုးဂစ်ဘ်ဆင် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

အိန္ဒိယသံအမတ်ကြီး

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာဗီလာဆွန်ဒါရာရာဂျမ်ရေှရှာဒရီသည် ညနေ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာဗီလာဆွန်ဒါရာရာဂျမ်ရေှရှာဒရီ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအလားအလာများ ဆွေးနွေး

နေပြည်တော် ဇွန် ၁၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ထိုင်းနိုင်ငံအခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဒေါ့ကလပ်စ်ဟာဗေးမွန်ရိုးဂစ်ဘ်ဆင်နှင့် အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ထိုင်းနိုင်ငံအခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဒေါ့ကလပ်စ်ဟာဗေးမွန်ရိုးဂစ်ဘ်ဆင်နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကမ်းရိုးတန်းဒေသများ မိုးပိုမည်

နေပြည်တော် ဇွန် ၁၅

ယနေ့နံနက် ၉ နာရီခွဲထိ
မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ခရမ်းမြို့တွင် ၅ ဒသမ ၅၁ လက်မ၊ သံတွဲမြို့တွင် ၅ ဒသမ ၃၂ လက်မ၊ ပူတာအိုမြို့တွင် ၅ ဒသမ ၂၀ လက်မ၊ ဘီးလင်းမြို့တွင် ၅ ဒသမ ၁၂ လက်မ၊ သိမ်ဇရပ်မြို့တွင် ၅ ဒသမ ဝ၄ လက်မ၊ သထုံမြို့တွင် ၄ ဒသမ ၄၉ လက်မ၊ မအူပင်မြို့တွင် ၄ ဒသမ ၄၁ လက်မ၊ ဝမြို့တွင် ၄ ဒသမ ၃၇ လက်မ၊ စစ်တွေမြို့တွင် ၄ ဒသမ ၂၉ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၄ ဒသမ ဝ၆ လက်မနှင့် ပေါင်မြို့တွင် ၃ ဒသမ ၂၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအလွန်ကောင်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြွေကိုက်ခံရပါက စနစ်တကျရှေးဦးပြုစုခြင်းနှိုးဆော်ချက်

မြွေကိုက်ခံရလျှင်

၁။ မြွေကိုက်ခံရသည့်နေရာကို ရရာ သန့်ရှင်းသောအဝတ်ဖြင့် ခပ်ဖွဖွသုတ်ပါ။ အားဖြင့်ဖိမပွတ်ရ။ ရေအလွယ်တကူရနိုင်လျှင် ရေဖြင့်ဆေးပါ။

၂။ အလျား ၃ လက်မ၊ အနံ ၃ လက်မ၊ အထူ ၁ လက်မခွဲအရွယ် အဝတ်ခေါက်ထူထူ (သို့မဟုတ်) ပတ်တီးခေါက် (သို့မဟုတ်) ရော်ဘာရေမြှုပ်စတစ်ခုကို ဒဏ်ရာပေါ်တွင်တင်ပါ။

၃။ လက်ဖမိုး၊ လက်ချောင်း၊ ခြေချောင်းများတွင် မြွေကိုက်ခံရပါက အဝတ်ခေါက်ကို သင့်တော်ရာအရွယ်ပြုလုပ်၍ ဒဏ်ရာပေါ်တင်ပါ။

၄။ အဝတ်ခေါက်၏အပေါ်တွင် ပတ်တီး(သို့မဟုတ်) အဝတ်စ(သို့မဟုတ်) အားကစားပတ်တီးကို မြဲရုံတင်းရုံ(ခြေဆစ်လက်ဆစ်များ နာကျင်သည့်အခါတွင် စည်းနှောင်သလောက်သာ) စည်းပါ။

၅။ ဒဏ်ရာကို ပတ်တီးစည်းပြီးပါက ဝါးခြမ်း(သို့မဟုတ်) တုတ်ချောင်းရှည်ဖြင့် မြွေကိုက်ခံရသော ခြေ(သို့မဟုတ်) လက်တစ်ချောင်းလုံးကို ကပ်၍ ကျပ်စည်းပါ။ ခြေဆစ်၊ လက်ဆစ်၏ အထက်နှင့် အောက်တို့တွင် ကြိုး(သို့မဟုတ်) ပတ်တီးဖြင့် ချည်နှောင်ရမည်။

၆။ ခြေလက်တစ်ချောင်းလုံးမီသော တုတ်ချောင်း မရနိုင်ပါက ဝါးခြမ်းနှစ်ခု၊ သုံးခုကို သင့်လျော်သလိုဆက်၍သုံးပါ။

၇။ လူနာကို လှုပ်ရှားမှုလုံးဝမပြုလုပ်စေဘဲ နီးစပ်ရာ ဆေးရုံ၊ ဆေးပေးခန်းသို့ အမြန်ဆုံးပို့ဆောင်ရမည်။

၈။ ဖြစ်နိုင်ပါက မြွေသေကို တစ်ပါတည်းယူဆောင်လာပါ။ ကိုက်သောမြွေကို သိရှိပါက မှန်ကန်တိကျသော မြွေဆိပ်ဖြေဆေးကို အချိန်မီထိုးနိုင်ရန် အထောက်အကူပြုသည်။

မြွေကိုက်ခံရပါက အောက်ပါတို့ကို ရှောင်ကြဉ်ရမည်-

၁။ ဒဏ်ရာကို ဓားဖြင့်ခွဲခြင်း၊ မီးစဖြင့်ထိုးခြင်း

၂။ လူနာကိုအရက်တိုက်ခြင်း

၃။ ဆေးလိမ်းခြင်း၊ နှိပ်ခြင်း၊ ပွတ်ခြင်း

၄။ မြွေမြီးကို ဖြတ်၍ မျိုခြင်း

၅။ မြွေကိုက်ဒဏ်ရာ၏ အထက်ဘက်တွင် ကြိုးဖြင့်တင်းကျပ်စွာ ချည်နှောင်ခြင်းသည် ခြေလက်များ ပုပ်တတ်ခြင်းအပြင် ကြိုးဖြေလိုက်ပါက အဆိပ်ပျံ့နှံ့မှုကို လျင်မြန်စေပါသည်။

၆။ လူနာကို လမ်းလျှောက်ခြင်း လှုပ်ရှားစေခြင်းမပြုရပါ။ လက်တွင် မြွေကိုက်ခံထားရသူပင်ဖြစ်စေ လှုပ်ရှားမှုကြောင့် အဆိပ်ကို ပိုမိုလျင်မြန်စွာ ပျံ့နှံ့စေသောကြောင့်ဖြစ်သည်။

ကျန်းမာရေးဦးစီးဌာန

တိုင်းဒေသကြီးအဆင့် အောင်ချက်အကောင်းဆုံးဆု အစဉ်အလာကို ဆက်လက်ထိန်းသိမ်း

နေပြည်တော် ဇွန် ၁၅

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း အောင်ချက်ရာခိုင်နှုန်း အများဆုံးဖြင့် အောင်မြင်ခဲ့သည့် မအူပင်မြို့နယ် ကျောင်းရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများအား ဂုဏ်ပြုပွဲနှင့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၈ နာရီတွင် အဆိုပါ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ချီးမြှင့်သည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဧရာဝတီတိုင်းဒေသကြီးတွင် အောင်ချက်အကောင်းဆုံး ကျောင်းဆုဒိုင်းကို သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်ထံ အပ်နှံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဧရာဝတီတိုင်းဒေသကြီးအတွင်း အောင်ချက်အကောင်းဆုံးဖြစ်အောင် ထူးချွန်စွာ သင်ကြားပေးသည့် ကျောင်းအုပ်ကြီးနှင့် အထက်တန်းပြဆရာ၊ ဆရာမများအား လည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ သုံးဦးအား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်ဝင်းက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းကိုကိုနှင့် ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထွန်းတို့က တစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦးတို့အား လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ကျောင်းရွာကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့က သုံးဘာသာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ သုံးဦးအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

မှာကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဇနီးတို့က ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၈၇၅ ဦး အတွက် ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီးအဆင့် အောင်ချက်အကောင်းဆုံးဆု အစဉ်အလာကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၏ ထူးချွန်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရေး ကြိုးစားဆောင်ရွက်သွားရန်၊ တစ်နိုင်ငံလုံးအတွက် စံပြကျောင်းတစ်ကျောင်းအဖြစ် ပေါ်ထွက်လာရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန် စသည်ဖြင့် မှာကြားသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးရ ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ကျုံနတ္တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၈၀၁ ဦးအတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းကာ အမှာစကား ပြောကြားသည်။

အဆိုပါ ကျုံနတ္တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်သည် အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိ နှစ်ထပ်အုတ်ညှပ်ကျောင်းဆောင်သစ်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေနှင့် စုပေါင်းလှူဒါန်းငွေများဖြင့် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မအူပင်တံတားအနီး ကျင်းပသည့် မအူပင်မြို့နယ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ကြပြီး သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် မအူပင်ကို စိုက်ပျိုးပေးခဲ့သည်။

(သတင်းစဉ်)

ဥတုရာသီ တောက်မိုး၏

ပြည်တွင်းအားကစားသတင်းများ

ပြည်တွင်းအားကစားသတင်းများ ပြည်တွင်းအားကစားသတင်းများ

ပဏာမမြန်မာ့လက်ရွေးစင် အားကစားသမားများ စံချိန်ယူဆန်းစစ်မှု ပြည်ထောင်စုဝန်ကြီး ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁၅

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှေ့၌ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်လျက်ရှိသည့် ပဏာမ မြန်မာ့လက်ရွေးစင် စက်ဘီးအားကစားသမားများ၏ စံချိန်ယူ ဆန်းစစ်ပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားပြိုင်ကွင်းရှေ့သို့ သွားရောက်ကာ အမျိုးသမီး(၂၅)ကီလို စံချိန်ယူပြိုင်ပွဲနှင့် အမျိုးသား ကီလို(၅၀) စံချိန်ယူပြိုင်ပွဲ ပန်းဝင်လာကြသော အားကစားသမားများအား အားပေးနှုတ်ဆက်ပြီး ပေါင်းလောင်းအားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ အမျိုးသားကီလို(၅၀) စံချိန်ယူပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိကြသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီး(၂၅) ကီလို တစ်ဦးချင်း စံချိန်ယူပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ရရှိသူများအားလည်းကောင်း၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသာဒွေးက နှစ်သိမ့်ဆုရ အားကစားသမား မောင်/မယ်များအားလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေသည့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှစ်သင်းနှင့် အမျိုးသားအသင်းနှစ်သင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်မှ ပဏာမမြန်မာ့လက်ရွေးစင်များ၏ သရုပ်ပြယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးကာ အားကစားအဖွဲ့ချုပ်များမှ အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်လူကြီးနှင့် အားကစားသမားများအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ထိုမှတစ်ဆင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ လေ့လျှော်ပွဲစဉ်များ ကျင်းပရန် လျာထားသည့် ငလိုက်ဆည်အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း နေပြည်တော် မြို့တော်ခန်းမရှေ့၌ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် စက်ဘီးအားကစားသမားများအား ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ဇေယျာရွှေမြေ ကွာတားတက်

ရန်ကုန် ဇွန် ၁၅

MFF Max Cement Cup 2011 ရှုံး/ထွက်ဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်း၌ ကျင်းပရာ ဇေယျာရွှေမြေအသင်းက VIVAအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်တက်သွားသည်။

ဇေယျာရွှေမြေ - နှစ်ဂိုး

(ကျော်ကိုကိုနှင့် ဇော်လင်းထွန်း)

VIVA - ဂိုးမရှိ

MNLအသင်းကြီး ဇေယျာရွှေမြေအသင်းမှာ အပျော်တမ်းကလပ် VIVA အသင်းကို ခြေအသာဖြင့် ကစားပြီး ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဇေယျာရွှေမြေအသင်းမှာ ဇော်လင်းထွန်း၊ မင်းသူ၊ ကျော်ကိုကို၊ ဗစ်တာတို့ဖြင့် လူစုံထုတ် ကစားခဲ့ပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ခြေစွမ်းပြပြီး ဂိုးများဆက်တိုက် သွင်းယူနေသည့် ကျော်ကိုကိုက မိနစ် ၂၀ မှာပင် ဇေယျာရွှေမြေအတွက် ဂိုးစတင် သွင်းယူပြီး အသင်းခေါင်းဆောင် ဇော်လင်းထွန်းက မိနစ် ၄၀ တွင် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ၂၀၁၀ ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်ရောက် အသင်းလေးသင်းအနက် ယနေ့ပွဲအနိုင်ရရှိသော ဇေယျာရွှေမြေတစ်သင်းတည်းသာ ကွာတားအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ဇေယျာရွှေမြေအသင်းသည် ကွာတားဖိုင်နယ်တွင် မနောမြေအသင်းနှင့် ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

ညနေ ၃ နာရီခွဲ

(အောင်ဆန်းကွင်း)

ရက္ခပူရယူနိုက်တက်-ဇွဲကပင်ယူနိုက်တက်

ဇေယျာရွှေမြေအသင်းမှ ဂျီလတ်နှင့် ကျော်ကိုကိုတို့ VIVA အသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်စဉ်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ-ဖိုးသော်ဇင်

ပထမအကျော့တွင် ရှုံးပွဲမရှိစံချိန်တင်ခဲ့သည့် ရောဝတီယူနိုက်တက်

ရန်ကုန် ဇွန် ၁၅

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၇)၏ ရွှေ့ဆိုင်းထားသော ဧရာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့၏ပွဲစဉ်ကို ယနေ့ ညနေ ၄ နာရီက အောင်ဆန်းကွင်း၌ ကျင်းပရာ တစ်ဂိုးစီဖြင့် သရေကျသွားသည်။

ရတနာပုံ - တစ်ဂိုး

(အက်စလေ)

ဧရာဝတီယူနိုက်တက် - တစ်ဂိုး

(ဂျူပီတာ-ပယ်နယ်တီ)

ဧရာဝတီယူနိုက်တက်အသင်းမှာ လက်ရှိချန်ပီယံရတနာပုံအသင်းကို သရေသာကစားနိုင်ခဲ့သောကြောင့် ဒုတိယနေရာနှင့် လွဲချော်ခဲ့ရပြီး ပထမအကျော့အပြီးတွင် တတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ လက်ရှိချန်ပီယံရတနာပုံအသင်းမှာ ရလဒ်ကောင်းရရှိရန်အတွက် ဒဏ်ရာရရှိနေသည့် ခင်မောင်ထွန်း၊ ကိုနေ၊ အောင်မြင့်အေးတို့မှလွဲ၍ လူစုံထုတ်ပြီးကစားခဲ့သည်။ ပွဲအစ ၅ မိနစ်တွင် အက်စလေက ရတနာပုံအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ဧရာဝတီတို့ နောက်မှလိုက်ကစားခဲ့ရသည်။ ဂိုးပေးလိုက်ရ၍ ဧရာဝတီအသင်းတိုက်စစ်အားမြှင့်ခဲ့ပြီး ၃၆ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဂျူပီတာက ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ ၄၉ မိနစ်တွင် ရတနာပုံမှ ပိုင်စိုး နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရပြီး ဧရာဝတီတို့တစ်ယောက်အသာဖြင့် ကစားခဲ့ရသော်လည်း အနိုင်ဂိုးမသွင်းနိုင်ခဲ့ပေ။ ယခုပွဲသရေရလဒ်သာရခဲ့၍ ဧရာဝတီအသင်းမှာ ဒုတိယနေရာနှင့် လွဲချော်ခဲ့ရသော်လည်း ပထမအကျော့၌ ရှုံးပွဲမရှိစံချိန်ကို ရယူနိုင်ခဲ့သည်။

ဧရာဝတီယူနိုက်တက်တိုက်စစ်မှူး ဂျူပီတာနှင့် ရတနာပုံနောက်ခံလူ ကမ်ဘူးတို့ အကြိတ်အနယ်။

ပထမအကျော့ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို ဇူလိုင် ၃၁ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်

ပြည်ပအားကစားသတင်းများ

မန်ယူအသင်း ဆန်ချက်ဇ်အတွက် ပေါင် ၂၇ သန်းအသုံးပြုမည်



မန်ချက်စတာ ဇွန် ၁၅

ရာသီသစ်အတွက် ကစားသမားခေါ်ယူမှုတွင် လက်သွက်နေသည့် မန်ယူအသင်းသည် အူဒီးနိစ်အသင်းမှ ချီလီနိုင်ငံသား အဲလစ်ဆန်ချက်ဇ်**(ဝဲပုံ)**ကို ခေါ်ယူနိုင်ရေးအတွက် ပေါင် ၂၇သန်း အထိ အသုံးပြုသွားမည်ဟု သိရသည်။

မန်ယူအသင်း၏ အမှုဆောင်အရာရှိချုပ် ဒေးဗစ်ဂီးလ်နှင့် အူဒီးနိစ်အသင်းဥက္ကဋ္ဌ ဂျီနိုပေါ့ဇိုတို့၏ ဘာစီလိုနာမြို့တွင် တွေ့ဆုံ ဆွေးနွေးမှုအရ နှစ်ဦးနှစ်ဖက် အဆင်ပြေခဲ့သည်ဟုဆိုသည်။ အသက်(၂၂)နှစ်ရှိ အဆိုပါ ချီလီသားကို မန်ယူအသင်း၏ မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေသည်။ သို့သော် လက်ရှိထွက်ပေါ်လာသည့် သတင်းများအရ မန်ယူအသင်းသည် ဆန်ချက်ဇ်ကို ပေါင် ၂၇ သန်းဖြင့် ယခုသီတင်းပတ်အတွင်း ခေါ်ယူနိုင်လိမ့်မည်ဟု ဆိုသည်။ မန်ယူနည်းပြ ဖာဂူဆန်သည် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူမှုအတွက် ပေါင် ၈၂ သန်းအထိ အသုံးပြုခွင့် ရရှိထားခြင်းကြောင့် ၎င်း၏ကစားသမားရှာပုံတော်မှာ အဆုံးသတ်ဦးမည်မဟုတ်ပေ။ ***The Sun***။

ဂျာဗီရာပါစတိုရီကို ပေါင် ၄၄ သန်းရလျှင် ရောင်းမည်ဟုဆို

ရောမ ဇွန် ၁၅

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအပါအဝင် စပိန်ထိပ်တန်းအသင်းကြီးများဖြစ်သည့် ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ်တို့၏ အထူးစိတ်ဝင်စားခြင်းကို ခံနေရသည့် ဂျာဗီရာပါစတိုရီကို ပါလာမိုအသင်းက ပေါင် ၄၄ သန်းထက်လျှော့၍ လုံးဝရောင်းချမည်မဟုတ်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။

အသက်(၂၂)နှစ်ရှိ အဆိုပါ အာဂျင်တီးနားလက်ရွေးစင်ကစားသမားသည် ပါလာမိုအသင်းတွင်သာမက မိခင်နိုင်ငံအတွက်ပါ ခြေစွမ်းပြကစားနိုင်သူဖြစ်သည်။ ဂျာဗီရာပါစတိုရီသည် အီတလီစီးရီးအေတွင် ခြေစွမ်းပြကစားနေသည်ဆိုသော်လည်း အသင်းကရလိုသည့် ပြောင်းရွှေ့ကြေးမှာ မြင့်မားလွန်းနေခြင်းကြောင့် စပိန်ထိပ်သီးနှစ်သင်းနှင့် ချယ်လ်ဆီးအသင်းတို့၏ ကြိုးပမ်းမှုများမှာ အားလျော့သွားဖွယ်ရှိနေသည်။ ***ESPN***။

ဂျရှန်းဘိုတန် ဘိုင်ယန်မြူးနစ်သို့ ပြောင်းရန် သဘောတူညီမှုရရှိ

လန်ဒန် ဇွန် ၁၅

မန်စီးတီးအသင်းမှ ညာနောက်ခံကစားသမား ဂျရှန်းဘိုတန်သည် ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်သို့ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိထားပြီဟု သိရသည်။

အသက်(၂၂)နှစ်ရှိ ဘိုတန်သည် မန်စီးတီးအသင်းတွင် နေရာမရဖြစ်နေ၍ ပထမပွဲထွက်ကစားခွင့်ရရှိမည့် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုသွားမည်ဖြစ်သည်။ ဘိုတန်ကလည်း ၎င်းအနေဖြင့် ဘိုင်ယန်မြူးနစ်သို့ ပြောင်းမည်ဆိုသည်မှာ အမှန်တကယ်ပင်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ***ESPN***။

ဟန်သစ်

ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာအားကစားသမားများ ဆုများရရှိ

ရန်ကုန် ဇွန် ၁၅

၂၀၁၁ ခုနှစ် ဇွန် ၉ ရက်မှ ၁၁ ရက်အထိ မလေးရှားနိုင်ငံ Seri Selangor Golf Club တွင် ကျင်းပသော “Etiqa Selangor International Junior Masters 2011” ဂေါက်သီးရိုက်ပြိုင်ပွဲသို့ နည်းပြ ဦးဆန်းထွန်း ဦးဆောင်ပြီး မြန်မာလူငယ် အားကစားသမား ရဲထက်အောင်နှင့် အောင်ဆန်းမျိုးတို့ပါဝင်သော မြန်မာအသင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် မြန်မာ၊ မလေးရှား၊ ကိုရီးယား၊ အင်္ဂလန်နှင့်လာအိုစသည့် နိုင်ငံပေါင်းငါးနိုင်ငံမှ အားကစားသမား စုစုပေါင်း ၉၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အသက် (၂၁) နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရဲထက်အောင်က တတိယဆု**(ဝဲပုံ)**နှင့်အသက်(၁၅)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် အောင်ဆန်းမျိုးက ပဉ္စမဆုရရှိခဲ့သည်။ အသက်(၂၁) နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် မလေးရှားလူငယ်လက်ရွေးစင်အသင်းက ပထမဆု၊ ဒုတိယဆုများ ရရှိသွားကြောင်းနှင့် အသက်(၁၅)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ကိုရီးယားလူငယ်များက ပထမဆု၊ ဒုတိယဆုများ ရရှိသွားကြသည်။

(သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

သွေးလွန်တုပ်ကွေးရောဂါ ကျေးလက်တောရွာများ၌ပါ ဖြစ်ပွားလာ လူလတ်ပိုင်းနှင့် လူကြီးပိုင်းတို့တွင်လည်း မကြာခဏဖြစ်ပွားလာသည်ကို တွေ့ရ

နေပြည်တော် ဇွန် ၁၅

တစ်ကမ္ဘာလုံး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု၏ ၇၅ ရာခိုင်နှုန်းသည် အာရှ ပစိဖိတ်ဒေသများမှ ဖြစ်ကြောင်း၊ အရှေ့တောင်အာရှဒေသနိုင်ငံများသည် တစ်ကမ္ဘာလုံး၏ သွေးလွန်တုပ်ကွေး ကူးစက်ဖြစ်ပွားမှုရှိသောဒေသ၏ ၅၂ ရာခိုင်နှုန်းဖြစ်ပြီး အင်ဒိုနီးရှား၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့တွင် အများဆုံးဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း၊ ၎င်းရောဂါသည် လူသားတို့၏ ကျန်းမာရေးကိုသာမက လူမှုစီးပွားရေးကိုပါ ထိခိုက်နိုင်သည့် အားလျော်စွာ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ဇွန် ၁၅ ရက်ကို အာဆီယံသွေးလွန်တုပ်ကွေးနေ့အဖြစ် ၂၀၁၀ ခုနှစ်က စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အာဆီယံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၌ အတည်ပြုပေးခဲ့ကြောင်း။

ဖွင့်ပွဲ အခမ်းအနား

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင် ၂၀၁၁ ခုနှစ် အာဆီယံ သွေးလွန်တုပ်ကွေး နေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံတွင် ယခင်က မြို့ကြီးများ၌သာ ဖြစ်ပွားခဲ့သော်လည်း ယခုအခါ၌ ကျေးလက်တောရွာများ၌ပါ ဖြစ်ပွားလာသည်ကိုတွေ့ရကြောင်း၊ ရောဂါဖြစ်ပွားသေဆုံးမှုနှုန်းမှာ ၁၉၇၀ ပြည့်နှစ်က သွေးလွန်တုပ်ကွေးလူနာ ၁၀၀ တွင် ခြောက်ဦးအထက်ရှိခဲ့ရာမှ ယခု ၂၀၁၀ ခုနှစ်တွင် လူနာ ၁၀၀ ၌ တစ်ဦးခန့်သာ သေဆုံးသည်အထိ ကျဆင်းလာကြောင်း၊ ယခင်က အသက်အရွယ်အားဖြင့် (၁၅)နှစ်အောက် ကလေးများတွင်ဖြစ်ပွားပြီး မူကြိုနှင့် မူလတန်းအရွယ် ကလေးများတွင် ဖြစ်ပွားမှု အများဆုံးတွေ့ရှိရကြောင်း၊ သို့သော်လည်း ယခုအခါတွင် လူလတ်ပိုင်းနှင့် လူကြီးပိုင်းတို့တွင်လည်း မကြာခဏ ဖြစ်ပွားလာသည်ကို တွေ့ရှိလာရကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီတွင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ယနေ့ သတင်း အညွှန်း

ဂျိုင်း(ကော့ကရိတ်)တံတား အကြီးစားပြင်ဆင်ဆောင်ရွက်

(သတင်း) စာမျက်နှာ - ၅

ရောဝတီယူနိုက်တက် ရှုံးပွဲမရှိ စံချိန်တင်

(သတင်း) စာမျက်နှာ - ၁၀

မန်ယူအသင်း ဆန်ချက်ဇ်အတွက် ပေါင် ၂၇ သန်း အသုံးပြုမည်

(သတင်း) စာမျက်နှာ - ၁၀

ဆိုပီယက်ပြည်ထောင်စု တည်ထောင်သူ ဗလာဒီမာလီနင် ဂျူးသွေးမကင်း

(သတင်း) စာမျက်နှာ - ၄